# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၂)ရက် ၊ စနေနေ့ ၊ (2-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၀၂)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# လွှတ်တော်သည် နိုင်ငံနှင့်ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်




ပဲခူး မေ ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ မဏ္ဍိုင်ကြီး သုံးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကို လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ယူထမ်းဆောင်ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံသူနိုင်ငံသားများကို ဥပဒေ အကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနေနိုင် အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် မိမိတာဝန်ကိုမိမိ ကျေပွန်စွာထမ်းဆောင်နိုင်ကြ စေရန်ဆန္ဒပြုပါကြောင်း၊ စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆက်သွယ်ရေး ကြိုးများ၊ လျှပ်စစ်မီးကြိုး များ စနစ်တကျသွယ်တန်း ရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျ ရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်း အဝေးကျင်းပ

စာမျက်နှာ - ၁၆

ပင်လယ်ကျွေလောင်စာဆီ အကျပ်အတည်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ် သက်ရောက်မှုများ

ဆောင်းပါး စာမျက်နှာ - ၂၈

# ပြည်သူများ ခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားကို ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲ

နေပြည်တော် မေ ၁

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူထိ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တောင်ငူ-နေပြည်တော်နှင့် နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချခြင်း၊ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားများကို

စာမျက်နှာ ၁၈ ကော်လံ ၁






ရတနာပုံ

၂၀၁၆ ခုနှစ် မေ ၂ ရက်

## အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး ဝိုင်းဝန်းကူညီတိုက်ဖျက်ပေး

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်ကွက်များတွင် ထွက်ပြေးတိမ်းရှောင်နေကြသည့် တရုတ်နိုင်ငံသားများနှင့်မြန်မာနိုင်ငံသားများရှိကြောင်း သတင်းရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဧပြီ ၂၉ ရက်တွင် သွားရောက်စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်သော ဖုန်းမျိုးစုံ ၂၄ လုံး၊ All in One ကွန်ပျူတာ ၁၉ လုံး၊ TP Link တစ်လုံး၊ Wifi စက်ခြောက်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည့်အပြင် ထိုနေ့၌ပင် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦးကိုလည်း ဖမ်းဆီးရမိခဲ့သည်။

ယခုကဲ့သို့ သိမ်းဆည်းရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ လတ်တလောတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို ခပ်စိပ်စိပ် ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူ့အကျိုးစီးပွားပျက်စီးမှုကိုသာဖြစ်စေသောကြောင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နှိမ်နင်းရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်ရေးကိုတက်တက်ကြွကြွ ပူးပေါင်းလက်တွဲပါဝင် တိုက်ဖျက်ကြရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ညောင်ရေသွန်းလောင်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်



မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် ကဆုန်လပြည့်နေ့ (ဧပြီ ၃၀ ရက်) က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ညောင်ရေသွန်းလောင်းပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်များတွင် ကဆုန် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ညောင်ရေသွန်းလောင်းပွဲသို့ လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဘုရားဖူးလာသည့်ပရိသတ်များကို နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီ ထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ စတုဒိသာများဖြင့် ညှော့်ခံကုသိုလ်ပြုခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်မှာတော့ နှမ်းများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၆၈၆၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ် တောင်ယာကြီးစုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

လပွတ္တာ မေ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဆိုင်ကျေးရွာအုပ်စု တောင်ယာကြီးစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လပွတ္တာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများနှင့် ကျေးရွာစီမံကိန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်ထံမှ သိရသည်။

တေဇာလင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှူကြီးမှူး၍ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်၊ သီလရှင် အပါး ၁၀၂၈၀ အား ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကျင်းပ



**မန္တလေး မေ ၁**

၁၃၈၈ ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှူကြီးမှူး၍ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်၊ သီလရှင်အပါး ၁၀၂၈၀ တို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို မြေ ၃၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ လင်္ကာရာ ဘိဝံသ အမှူးပြုပြီး ဆရာတော် သံဃာတော် ၁၀၈ ပါး တက်ရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ လင်္ကာရာဘိဝံသထံက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီးနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကဓမ္မာဓိပတိကျောင်း ဆရာတော်ကြီးနှင့် ဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟို သံဃ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိ ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ လင်္ကာရာဘိဝံသထံက သာဓုအနုမောဒနာ ရေစက်သွန်းချတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဘုရားအမှူးပြုပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့်အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူခဲ့ကြသည်။

အဆိုပါ အခမ်းအနား၌ မန္တလေးမြို့ လေးပြင်လေးရပ်ရှိဆရာတော်၊ သံဃာတော်များ ကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆရာတော် သံဃာတော် ၁၀၂၈၀ ပါးအတွက် စုစုပေါင်း ၁၉၅၁၁၄၄၀၀ ကျပ် တန်ဖိုးရှိ ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲများ၊ စုစုပေါင်း ၃၅၂၀၉၅၀၀ ကျပ် တန်ဖိုးရှိ လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ လောင်းလှူခဲ့ရာ လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ၂၃၀၃၂၃၉၀၀ ကျပ် ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၉၉၆၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၉၉၆၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲပုပ်စိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်း စစ်ဆေး

**မိုးကောင်း မေ ၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေဖြင့် ကုန်းတန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ကုန်းတန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်များပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ကုန်းတန်းကြီးကျေးရွာ၌ လမ်းအရှည် ပေ ၃၅၀၀၊ အကျယ် ၁၈ ပေနှင့် အမြင့်နှစ်ပေရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအထွေထွေပိုလျှံ ရန်ပုံငွေကျပ် ၂၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနက ဧပြီလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကုန်းတန်းကြီးကျေးရွာမှထွက်ရှိသည့် ထုတ်ကုန်ထွက်ကုန်များကို အခြားဒေသများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# ခရမ်းကစော့သီးစားသုံးခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ



**ခရမ်းကစော့သီး(Prickly Nightshade)**

အာဟာရဓာတ်ဖိုးမြင့် သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းကစော့သီးကို အချို့က ကစော့ခါးသီးဟုလည်း ခေါ်ကြသည်။ ခရမ်းကစော့သီးက မြန်မာဟင်းလျာများတွင် အတို့အမြုပ်အနေဖြင့် စားသုံးကြပြီး မီးကင်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ၊ ခရမ်းချဉ်သီးနှင့်ချက်၍ဖြစ်စေ စားသုံးကြပြီး အရသာကောင်းမွန်ကြောင်း စားဖူးသူတိုင်းသိကြမည်ဖြစ်သည်။ ခရမ်းကစော့သီးသည် အရွယ်အစားသေးငယ်သော်လည်း ကျန်းမာရေးအတွက် အထောက်အကူပြုသော အာဟာရဓာတ်များစွာပါဝင်သည့် "တောရတနာ" တစ်မျိုးဟု ဆိုကြသည်။

ခရမ်းကစော့ပင်သည် ချုံပင်အမျိုးအစားဖြစ်ပြီး ပင်စည်နှင့်အရွက်များတွင် ဆူးငယ်လေးများ ပါရှိတတ်သောကြောင့် အင်္ဂလိပ်ဘာသာဖြင့် Prickly Nightshade ဟုခေါ်ဆိုခြင်းဖြစ်သည်။ ခရမ်းကစော့ပင်ကို ဒေသအလိုက်အမျိုးမျိုးခေါ်ဝေါ်ကြသည့်အနက် အသုံးအများဆုံးအမည်မှာ Turkey Berry ဖြစ်ပြီး Wild Eggplant (ခရမ်းရိုင်း)၊ ခရမ်းသီးအသေးလေးများဖြစ်သောကြောင့် ထိုင်းဟင်းလျာများတွင် Pea Eggplant နှင့် West Indian Nightshade ဟုလည်း ခေါ်ကြသည်။ ခရမ်းကစော့သီးသည် မျိုးရင်း (Family) အနေဖြင့် Solanaceae ခရမ်းမျိုးရင်းဝင်ဖြစ်ပြီး ရုက္ခဗေဒအမည် (Scientific Name) အနေဖြင့် Solanum Torvum ဟု ခေါ်သည်။ ခရမ်းကစော့ပန်းပွင့်တွင် အဖြူရောင်ပွင့်ချပ် ငါးခုပါရှိပြီး အလယ်တွင် အဝါရောင်ဝတ်ဆံတိုင်ပါရှိသည်။ မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် အရသာထူးကဲရုံသာမက ဆေးဖက်လည်းဝင်သောအသီးတစ်မျိုးဖြစ်သည့် ခရမ်းကစော့သီးစားသုံးခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများကို ဖော်ပြလိုသည်။

**မြန်မာ့ရိုးရာဆေးကျမ်းပါ ခရမ်းကစော့သီး**

ခရမ်းကစော့သီးကို မြန်မာ့တိုင်းရင်းဆေးတွင် ပဥ္စငါးပါး (အရွက်၊ အသီး၊ အမြစ်၊ အခေါက်၊ အပွင့်) အသုံးပြုကြောင်း လေ့လာသိရှိရသည်။ မြန်မာ့ရိုးရာဆေးကျမ်းများတွင် ခရမ်းကစော့သီးသည် အနည်းငယ်ခါးသက်သောအရသာရှိပြီး သွေးတိုးကျစေခြင်း၊ ဆီးရွှင်စေခြင်း၊ အစာကြေရင်ချောင်စေခြင်းနှင့် ချောင်းဆိုးပျောက်စေခြင်းတို့အတွက် အကျိုးရှိသည်ဟုဆိုကြသည်။ သံဓာတ်ကြွယ်ဝသောကြောင့် သွေးအားနည်းရောဂါကာကွယ်ရန်အတွက် အထူးကောင်းမွန်သည်။

**ခရမ်းကစော့သီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ခရမ်းကစော့သီးတွင် အဓိကပါဝင်သော အာဟာရဓာတ်များအနေဖြင့် မျက်စိကျန်းမာရေးကောင်းမွန်စေသော ဗီတာမင် A၊ ကိုယ်ခံအားကောင်းစေသော ဗီတာမင် C၊ စွမ်းအင်ထုတ်လုပ်မှုအတွက် အရေးကြီးသည့် ဗီတာမင် B Complex နှင့် သွေးနီဥဖွံ့ဖြိုးမှုအတွက်အရေးကြီးပြီး သွေးအားနည်းခြင်းကိုကာကွယ်ပေးနိုင်သော သံဓာတ် (Fe)၊ အရိုးနှင့်သွားများကိုခိုင်ခံ့စေပြီး ကြွက်သားလှုပ်ရှားမှု ကောင်းစေသော ကယ်လ်စီယမ် (Ca)၊ နှလုံးကျန်းမာရေးကို ထိန်းညှိပေးပြီး သွေးဖိအားကို ထိန်းချုပ်နိုင်သော ပိုတက်စီယမ် (K)နှင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး အူလမ်းကြောင်းကျန်းမာရေးအတွက် အသုံးဝင်သော အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည်။

**ခရမ်းကစော့သီး၏ ကျန်းမာရေးကောင်းကျိုးများ**

ခရမ်းကစော့သီးတွင် သံဓာတ် (Fe) ပါဝင်မှုများခြင်းကြောင့် သွေးနီဥကိုတိုးစေပြီး သွေးအားနည်းသူများကို ကူညီပေးနိုင်သည်။

**ဝမ်းမှန်စေခြင်း**

ခရမ်းကစော့သီးသည် ဝမ်းမှန်စေပြီး ဝမ်းကိုလည်းပျော့စေသောကြောင့် ဝမ်းသွားရ ပိုမိုလွယ်ကူစေနိုင်သဖြင့် အသက်ကြီး၍ ဝမ်းချုပ်တတ်သူများ စားသုံးပေးသင့်သည်။ ခရမ်းကစော့သီးကို ဖန်ခွက်ထဲထည့်ပြီး ရေနွေးထည့်၍ ပူပူနွေးနွေးသောက်ပေးလျှင် ကျန်းမာရေးယိုယွင်းမှုကို ကာကွယ်ပေးကာ အိုမင်းရင့်ရော်မှုကိုလည်း နှေးကွေးစေပြီး အစာအိမ်ကို ကောင်းမွန်စွာအကျိုးပြုနိုင်သည်။

**ကင်ဆာကာကွယ်နိုင်ခြင်း**

ခရမ်းကစော့သီးတွင် ခန္ဓာကိုယ်ကျန်းမာစေရန် အာဟာရဓာတ်များပြည့်ဝစွာ ပါဝင်နေသကဲ့သို့ ကင်ဆာဆဲလ်များပွားများမှုကို တားဆီးပေးနိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်မှုကြောင့် ရှေးယခင်ကတည်းက ကင်ဆာကာကွယ်ရန် အသုံးပြုခဲ့ကြောင်း သိရသည်။ ခရမ်းကစော့သီးက ကင်ဆာကာကွယ်ပေးနိုင်သကဲ့သို့ ကင်ဆာကုသရာတွင်လည်း ထိရောက်မှုရှိသည်။

**နာကျင်ကိုက်ခဲမှုနှင့်ရောင်ရမ်းမှုကိုသက်သာစေခြင်း**

ခရမ်းကစော့သီးတွင် ပါဝင်သော Sntioxidant ဓာတ်တစ်မျိုးက နာကျင်မှုကို လျော့ပါးစေပြီး အရောင်ကျစေနိုင်သည့်အာနိသင်ရှိသည်။ လည်ချောင်းနာ၊ ပါးစပ်အနာ စသည့်ရောင်ရမ်းမှုများကို သက်သာစေနိုင်သကဲ့သို့ ခန္ဓာကိုယ်၌ဖြစ်ပွားသည့် အခြားနာကျင်ကိုက်ခဲမှုများ သက်သာစေရန်အတွက်လည်း ခရမ်းကစော့သီးကို အသုံးပြုပေးနိုင်သည်။ ထိခိုက်ဒဏ်ရာများကြောင့် နာကျင်ပြီး ရောင်ရမ်းခြင်းများကိုလည်း သက်သာစေနိုင်သည်။

**ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်တိုက်ဖျက်နိုင်ခြင်း**

ခရမ်းကစော့သီးသည် သဘာဝပိုးမွှားတိုက်ဖျက်သည့် အာနိသင်ရှိပြီး ရောဂါပိုးများမှကာကွယ်ပေးနိုင်သည်။

**အဖျားကျစေခြင်းနှင့် ကိုယ်ခံအားမြှင့်တင်ပေးခြင်း**

ခရမ်းကစော့သီးတွင် ဗီတာမင် C ပါဝင်မှုကြောင့် ခရမ်းကစော့သီးကို စားသုံးပေးခြင်းဖြင့် ကိုယ်ခံအားကောင်းစေနိုင်ပြီး ဖျားနာမှုကင်းစေနိုင်သကဲ့သို့ ရေစင်အောင်ဆေးထားသည့် ခရမ်းကစော့သီးပြုတ်ရည်ကို သောက်သုံးပေးခြင်းဖြင့်လည်း အဖျားကျစေရန် အကောင်းဆုံး ထောက်ပံ့ပေးနိုင်သည်။

**အစာခြေစနစ်နှင့် အူလမ်းကြောင်းကျန်းမာရေး ကောင်းမွန်စေခြင်း**

ခရမ်းကစော့သီးတွင် သန့်ကျစေသော အာနိသင်ရှိသဖြင့် အူတွင်းရှိကပ်ပါးပိုးများကို ဖယ်ရှားပေးနိုင်သည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

ခရမ်းကစော့သီးတွင် ဗီတာမင် A ကြွယ်ဝမှုကြောင့် ခရမ်းကစော့သီးကို ထက်ခြမ်းခွဲပြီး ထောပတ်နှင့်ကြော်၍ ပုံမှန်စားပေးခြင်းဖြင့် မျက်စိကျန်းမာရေးကို အထောက်အကူဖြစ်စေပြီး အမြင်အာရုံကိုကျန်းမာစေနိုင်သည်။

**ဗီတာမင် C ချို့တဲ့မှုကင်းစေခြင်း**

ခရမ်းကစော့သီးတွင် ဗီတာမင် C ကြွယ်ဝစွာ ပါဝင်နေပြီး ခန္ဓာကိုယ်တွင် ဗီတာမင် C ချို့တဲ့မှုကြောင့်ဖြစ်စေနိုင်သည့် ကျန်းမာရေးပြဿနာများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။

**အရေပြားရောဂါများအတွက် အသုံးဝင်ခြင်း**

ခရမ်းကစော့သီးသည် အရေပြားယားယံမှုကို သက်သာစေပြီး အနာကျက်မြန်စေသည်။ ထို့ပြင် ခရမ်းကစော့သီးသည် ရေယုန်ကိုသက်သာစေနိုင်ပြီး မဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်သည်။

**အသည်းကျန်းမာရေးကောင်းစေခြင်း**

ခရမ်းကစော့သီးသည် အသည်းကို ကျန်းမာစေသည်ဟု ယုံကြည်ကြသကဲ့သို့ အဆိပ်အတောက်များကို ဖယ်ရှား (Detox) ပေးနိုင်သောကြောင့်လည်း သုံးစွဲကြသည်။

**သွားနှင့်ခံတွင်းကျန်းမာရေးကောင်းစေခြင်း**

သွားကိုက်နာကျင်မှုဖြစ်ပွားပါက ခရမ်းကစော့သီးအမြစ်ကိုသွေးပြီး အသုံးပြုနိုင်သည့်အပြင် ခရမ်းကစော့သီးအမြစ်က သွားပိုးစားခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။

**သွေးလည်ပတ်မှုနှင့် နှလုံးကျန်းမာရေးကို အားဖြည့်ပေးနိုင်ခြင်း**

ခရမ်းကစော့သီးက လေသလိပ်ကြေစေပြီး နှလုံးကိုအားဖြည့်ပေးသည့် အာနိသင်ရှိသည်။

**ဆီးချိုထိန်းညှိပေးခြင်း**

ခရမ်းကစော့သီးတွင် အမျှင်ဓာတ် (Dietary Fiber) ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးတွင်းသကြားဓာတ် (Blood Sugar) ကို ထိန်းညှိပေးနိုင်သည်။

**ဘက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်ခြင်း**

ခရမ်းကစော့သီးတွင် ဘက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်သည့် အာနိသင်ရှိသောကြောင့် ခန္ဓာကိုယ်ကို ရောဂါပိုးမွှားများအန္တရာယ်မှ ကာကွယ်ရန် စားသုံးပေးနိုင်သည်။

**သန့်ကျစေနိုင်ခြင်း**

ခရမ်းကစော့သီးက သဘာဝသန့်ကျဆေးတစ်မျိုးဖြစ်သောကြောင့် သန့်ထမည်ကို စိုးရိမ်သော်လည်း သန့်ချဆေးမသောက်ချင်ပါက ခရမ်းကစော့သီးကို စားသုံးပေးသင့်သည်။

**သွေးဖိအားကိုထိန်းညှိပေးခြင်း**

ခရမ်းကစော့သီးတွင် ပိုတက်စီယမ် (K)ပါဝင်မှုကြောင့် သွေးဖိအားကိုထိန်းနိုင်သည်။

**ခရမ်းကစော့သီးစားသုံးရာတွင် သတိထားရမည့်အချက်များ**

ခရမ်းကစော့သီးတွင် Alkaloid ပါဝင်မှုကြောင့် သင့်တော်သည့်ပမာဏထက် ပိုစားမိသောအခါ အစာအိမ်မအီမသာဖြစ်ခြင်း၊ အစိမ်းစားခြင်းတို့ကြောင့် မလိုလားအပ်သည့် ပြဿနာများဖြစ်နိုင်ခြင်းတို့ကြောင့် ချင့်ချိန်၍ သင့်တင့်မျှတစွာ စားသုံးပေးသင့်သည်။ ကိုယ်ဝန်ဆောင်များ၊ ရောဂါရှိသူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်၍ ခွင့်ပြုချက်ရရှိမှသာ စားသုံးသင့်သည်။

**အနှစ်ချုပ်**

တစ်ရက်လျှင် ခရမ်းကစော့သီး ၁၀ လုံးခန့် အစိမ်းလိုက်ဝါးစားခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်ပေးပြီး ကျောက်ကပ်နှင့်အသည်းကို အားကောင်းစေကာ အစာအိမ်အနာမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ခရမ်းကစော့သီးကို နေ့စဉ်စားသုံးလျှင် ဆီးချိုကျပြီး သွေးတိုးနှင့်သွေးတွင်းရှိပုံမှန်မဟုတ်သည့်သွေးဥများကို လျှော့ချပေးကာ သွေးခဲခြင်းကိုလည်း ဟန့်တားပေးနိုင်သည်။ သွေးအားနည်းခြင်း၊ မောပန်းလွယ်ခြင်း၊ သွေးတွင်းအဆီများခြင်းတို့ဖြစ်ပွားလျှင် ခရမ်းကစော့သီးကို အစိမ်းတိုင်းဝါးစားနိုင်ပြီး အဆီကျစေရန်လည်း ကူညီပေးသောကြောင့် မကြာခဏစားသုံးပေးသင့်သည်။ ခရမ်းကစော့သီးက ဘက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်ပြီး ရေယုန်နှင့် အရေပြားယားယံမှုကိုသက်သာစေပြီး အနာကျက်မြန်စေသည့်အပြင် သဘာဝသန့်ကျဆေးတစ်မျိုး ဖြစ်သောကြောင့် အတို့အမြုပ်အဖြစ်စားသုံးခြင်း၊ အခြားဟင်းလျာများနှင့်ပေါင်းစပ်၍ ချက်ပြုတ်စားသောက်ခြင်း၊ ဟင်းချိုအဖြစ်သောက်သုံးပေးခြင်း စသည်ဖြင့် လူတိုင်းသင့်တင့်လျောက်ပတ်စွာ စားသုံးသင့်သည့် အစာ အစာတစ်မျိုးဖြစ်ကြောင်း ခရမ်းကစော့သီးစားသုံးခြင်းဖြင့် ရရှိနိုင်သည့်ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားလိုက်ရပါသည်။

**❖ ခရမ်းကစော့သီးကို မြန်မာ့တိုင်းရင်းဆေးတွင် ပဥ္စငါးပါး (အရွက်၊ အသီး၊ အမြစ်၊ အခေါက်၊ အပွင့်) အသုံးပြုကြောင်း လေ့လာသိရှိရသည်။ မြန်မာ့ရိုးရာဆေးကျမ်းများတွင် ခရမ်းကစော့သီးသည် အနည်းငယ်ခါးသက်သောအရသာရှိပြီး သွေးတိုးကျစေခြင်း၊ ဆီးရွှင်စေခြင်း၊ အစာကြေရင်ချောင်စေခြင်းနှင့် ချောင်းဆိုးပျောက်စေခြင်းတို့အတွက် အကျိုးရှိသည်ဟုဆိုကြသည်။ သံဓာတ်ကြွယ်ဝသောကြောင့် သွေးအားနည်းရောဂါကာကွယ်ရန်အတွက် အထူးကောင်းမွန်သည်။ ❖**

ဒေါက်တာလပြည့်ခင်

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၇၂၃၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၇၂၃၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ စုစုပေါင်း ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းသီးနှံ စိုက်ပျိုးရာ၌ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ရက် ၉၀ ဆန်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရက် ၉၀ ဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် ဧပြီလတတိယပတ်မှ စတင်ပြီး ရက် ၉၀ ဆန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဒေသများကပါ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''အခုဒေသဈေးကွက်မှာ အခြားဆန်တွေထက် ရက် ၉၀ ဆန်က ဝယ်လိုအားကောင်းနေပါတယ်။ ဧပြီလရဲ့တတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ ရက် ၉၀ ဆန်တွေ အဝယ်လိုက်နေတာကြောင့်လဲ အရောင်းအဝယ် ကောင်းလာတာပါ။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကလဲ ဆန်ကြိမ်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အခုလို ရက် ၉၀ ဆန်တွေ အရောင်းအဝယ် ကောင်းမွန်လာတော့ ဆန်စပါး စိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပတ်သတ်သူတွေ အကုန်အဆင်ပြေလာပါတယ်''ဟု ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ပုသိမ်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ရာဝန် ကိုယ်စီထမ်း

\- နိုင်ရာဝန် ကိုယ်စီထမ်း၍
ကြိုးပမ်းခဲ့ အစဉ်လာ၊
တို့ပြည်သူ ညီတူအားနှင့်
ထင်ရှားသည်သာ၊
တို့ချစ်သည့် အမိမြန်မာ
သာယာဖွံ့ဖြိုး ရစေဖို့၊
လုပ်တာဝန် မလစ်ဟင်းအောင်
ဆောင်ကြဉ်းပါစို့။

\- မခိုကပ်ပေါင် လုပ်အားဖို့
မနေမနားတို့ စွမ်းဆောင်သော်၊
ပြည်မြန်မာ အလှဆင့်၍
ဂုဏ်တင့်ထင်ပေါ်၊
ကြိုးစားကြ လူကောင်းလူတော်
ကျော်ကြားစေ ကမ္ဘာတစ်လွှား၊
စွမ်းရည်ပြည့်ဝ စိတ်ထားလှ
စံပြလူသား။

\- အမိမြေကို တန်ဖိုးထား
တိုးပွားဖို့ စွမ်းဆောင်နေ၊
ခက်ခဲတွေ မကြောက်တမ်း
လျှောက်လှမ်းစို့လေ၊
ရည်ရွယ်ထား ပန်းတိုင်အခြေ
လွဲမသွေ အောင်မြင်ရေး၊
ဇွဲ လုံ့လ ဝီရိယနှင့်
သွားကြမနေး။

\- တို့တိုင်းပြည် တို့ရှေ့ရေး
မြော်မြင်တွေး ကြံဆယူ၊
စေတနာ မေတ္တာစိတ်နှင့်
ပေါင်းစပ်ကြည်ဖြူ၊
မျှတသည့် တရားမှု
တူညီညာ လက်ချင်းယှက်၊
ပြည်မြန်မာ အလှလွှမ်းကာ
ငြိမ်းချမ်းဖို့တွက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။






# တောင်ဆူဒန်ရှိ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အင်အားလျှော့ချရေး ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲအတည်ပြု



**နယူးယောက် မေ ၁**

တောင်ဆူဒန်နိုင်ငံ၌ တာဝန်ကျနေသော ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ၏ အမြင့်ဆုံးတပ်အင်အားကို ၁၇၀၀၀ မှ ၁၂၀၀၀ သို့လျှော့ချရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဧပြီ ၃၀ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ဆူဒန်ရှိ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အင်အားလျှော့ချရေး အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၃ မဲကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဧပြီ ၃၀ ရက် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော တရုတ်နှင့် အိန္ဒိယတို့က ပါဝင်မဲပေးခဲ့ခြင်းမရှိကြောင်း သိရသည်။

အမေရိကန်အစိုးရက အဆိုပြုတင်သွင်းခဲ့သော အဆိုပါတောင်ဆူဒန်ဆိုင်ရာဆုံးဖြတ်ချက်မူကြမ်း၌တောင်ဆူဒန်ငြိမ်းချမ်းရေးတပ်ဖွဲ့၏ တာဝန်သက်တမ်းကိုလည်း ၂၀၂၇ ခုနှစ် ဧပြီ ၃၀ ရက်ထိ တိုးပေးထားသည်။

တောင်ဆူဒန်နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဆူဒန်နိုင်ငံမှ လွတ်လပ်ရေးရယူနိုင်ခဲ့သော်လည်း လူမျိုးရေးပြဿနာများကြောင့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းပဋိပက္ခနှင့် စတင်ရင်ဆိုင်ခဲ့ရသည်။

လူဦးရေ ၄၀၀၀၀၀ ကျော်သေဆုံးခဲ့သည့် တောင်ဆူဒန်ပြည်တွင်းပဋိပက္ခသည် ၂၀၁၈ ခုနှစ်တွင်ပြိုင်ဘက်အုပ်စုများကြားရယူခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# စစ်ရေးအရတိုက်ခိုက်ခံခဲ့ရပါက ပြင်းထန်စွာ တုံ့ပြန်မည်ဟု အမေရိကန်ကို အီရန်သတိပေး



**တီဟီရန် မေ ၁**

အီရန်ကိုစစ်ရေးအရတိုက်ခိုက်မှု ပြန်လည်ပြုလုပ်ခဲ့ပါက အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ အမေရိကန်ပစ်မှတ်များကို ပြင်းပြင်းထန်ထန် တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန် တော်လှန်ရေးအစောင့်တပ်က ဧပြီ ၃၀ ရက်တွင် သတိပေးပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ထိန်းချုပ်ပိုင်ခွင့်ရှိကြောင်း အီရန်ခေါင်းဆောင်သစ် မော့ဂျ်တာဘာခါမေနီက ထုတ်ဖော်ပြောကြားထားရာ ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးအတွက် အမေရိကန်အစိုးရ၏ ကြိုးပမ်းမှုများ ရှုပ်ထွေးသွားနိုင်ကြောင်းလေ့လာသူများကသုံးသပ်ထားသည်။

အီရန်ကိုစစ်ရေးအရတိုက်ခိုက်မည့်အစီအစဉ်သစ်များကို မကြာမီကာလအတွင်း ထိပ်တန်းဗိုလ်ချုပ်ကြီးက သမ္မတဒေါ်နယ်ထရမ့်ကို တင်ပြမည်ဖြစ်ကြောင်း သတင်းများပေါ်ထွက်လာပြီးနောက် အီရန်တော်လှန်ရေး အစောင့်တပ်၏ သတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် သုံးလတာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့်ရပ်ဆိုင်းထားသည်။

သို့ရာတွင် ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ဆက်လက်ပိတ်ဆို့ထားသကဲ့သို့ အမေရိကန်နိုင်ငံကလည်း အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားသည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် သဘောတူညီချက်တစ်ရပ်ရယူချိန်ထိတိုင် အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# အမျိုးသားအကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုအဆင့်ကို ဗြိတိန်အစိုးရ မြှင့်တင်

**လန်ဒန် မေ ၁**

လန်ဒန်မြို့ မြောက်ပိုင်း၌ ဂျူးဆန့်ကျင်ရေးဝါဒ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ဗြိတိန်က ဧပြီ ၃၀ ရက်တွင် အမျိုးသားအကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုအဆင့်ကို မြှင့်တင်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လာမည့်ရက်သတ္တခြောက်ပတ်တာကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားနိုင်ခြေမြင့်မားနေမှုကြောင့် အမျိုးသားအကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုအဆင့်ကို ဒုတိယမြောက်အမြင့်ဆုံးအဆင့်သို့မြှင့်တင်ထားကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လန်ဒန်မြို့မြောက်ပိုင်း ဂိုးဒါးစ်ဂရင်းနယ်မြေ၌ ဧပြီ ၂၉ ရက်က ဂျူးလူမျိုးနှစ်ဦး ဓားထိုးခံရမှုဖြစ်ပွားခဲ့ပြီးနောက် ဗြိတိန်အစိုးရက အမျိုးသား အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုအမြင့်ဆုံးအဆင့်သို့ မြှင့်တင်ထားခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံအနေဖြင့် ဂျူးလူမျိုးများကို ဂျူးမုန်းတီးရေးဝါဒခြိမ်းခြောက်မှုမှ အကာအကွယ်ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာက ပြောကြားထားသည်။

ဗြိတိန်သည် လီဗာပူးအမျိုးသမီးဆေးရုံ ဗုံးပေါက်ကွဲမှု၊ လွတ်တော်အမတ် ဒေးဗစ်အမ်းမက် အသတ်ခံရမှုများဖြစ်ပွားခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားအကြမ်းဖက်ဝါဒခြိမ်းခြောက်မှုအဆင့်ကို ဒုတိယအဆင့်သို့ မြှင့်တင်ခဲ့ဖူးသည်။

ဂျူးမုန်းတီးရေးဝါဒ အကြမ်းဖက်မှုများ ကာကွယ်ရေးအတွက် ဂျူးလူမျိုးများနေထိုင်ရာနေရာတို့၌ ရဲတပ်ဖွဲ့ဝင်အင်အား မြှင့်တင်၍ ဂျူးဆန့်ကျင့်ရေးဝါဒ အားကောင်းလာမှုကို တားဆီးရန်ကြိုးပမ်းမည်ဟု ဗြိတိန်အစိုးရကကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်၌ တရုတ်ရေတပ်နှင့်လေတပ် ကင်းလှည့်မှုပြုလုပ်

**ပေကျင်း မေ ၁**

ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသ စကားဟိုရိုရေမြုပ်သဲသောင်နယ်မြေ၌ တရုတ်လေတပ်နှင့်ရေတပ်တို့က တိုက်ပွဲဝင် အသင့်အနေအထားကင်းလှည့်မှုများပြုလုပ်ခဲ့သည်ဟု တရုတ်တပ်မတော်က ဧပြီ ၃၀ ရက်တွင် သတင်း ထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့ဦးဆောင်သော မဟာမိတ်နိုင်ငံများက နှစ်စဉ်ပြုလုပ်မြဲ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင်နိုင်ငံ၌ပြုလုပ်နေစဉ် တရုတ်ရေတပ်နှင့် လေတပ်တို့က စကားဟိုရိုနယ်မြေ၌ ကင်းလှည့်ခဲ့ကြခြင်းဖြစ်သည်။

စကားဟိုရို ရေမြုပ်သဲသောင်နယ်မြေသည် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်တို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော တောင်တရုတ်ပင်လယ်နယ်မြေတစ်ခုဖြစ်သည်။

တောင်တရုတ်ပင်လယ်ဒေသတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ထိန်းသိမ်းရေးနှင့် တရုတ်အချုပ်အခြာကို ကာကွယ်ရေးတို့အတွက် ရေတပ်နှင့်လေတပ်တို့က ဧပြီ ၃၀ ရက်တွင် စကားဟိုရိုနယ်မြေ၌ ကင်းလှည့်မှုများပြုလုပ်ခဲ့ကြောင်း တရုတ်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ဘာလီကာတန်အမည်ရှိ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီ ၂၀ ရက်တွင် စတင်ခဲ့သည်။

မေ ၈ ရက်တွင် ပြီးဆုံးမည့် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပြင်သစ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်နိုင်ငံတို့လည်း ပူးပေါင်း ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါကစ္စတန်ရေတပ်၏ ဟန်ဂေါ်အတန်းအစားရေငုပ်သင်္ဘောသစ် တရုတ်တောင်ပိုင်း၌ရေချ



**ပေကျင်း မေ ၁**

ပါကစ္စတန်နိုင်ငံက မှာယူထားသော ဟန်ဂေါ်အတန်းအစားရေငုပ်သင်္ဘောများအနက် ပထမဆုံး ရေငုပ်သင်္ဘောကို ပါကစ္စတန်ရေတပ်က တရုတ်နိုင်ငံ၌ ဧပြီ ၃၀ ရက်တွင် စတင်ရေချခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေငုပ်သင်္ဘောသစ် ရေချပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ဆန်ယာဆိပ်ကမ်း၌ ကျင်းပခဲ့ရာ ပါကစ္စတန်သမ္မတ အလီဇာဒါရီ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရေငုပ်သင်္ဘောသစ် ရေချပွဲသို့ ပါကစ္စတန် ရေတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နာဗစ်အက်ရှ်ရစ်ဖ် အပါအဝင် တရုတ်နှင့်ပါကစ္စတန်နှစ်နိုင်ငံလုံးမှ စစ်ဘက်တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ဟန်ဂေါ်အတန်းအစား ရေငုပ်သင်္ဘောကဲ့သို့ ခေတ်မီရေငုပ်သင်္ဘောများကို စတင်အသုံးပြုနိုင်မှုသည် ပါကစ္စတန်ရေတပ်အတွက် သမိုင်းဝင် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတက ရေငုပ်သင်္ဘောသစ်ရေချပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ရေတပ်ခေတ်မီရေးအစီအစဉ်အရ ဟန်ဂေါ်အတန်းအစား ရေငုပ်သင်္ဘောရှစ်စီးကို တရုတ်နိုင်ငံထံမှ မှာယူထားသည်။

ဟန်ဂေါ် အတန်းအစားရေငုပ်သင်္ဘောများသည် တိုပီဒိုနှင့် သင်္ဘောဖျက်ဒုံးကျည်များ သယ်ဆောင်နိုင်ပြီး ရေတပ်သား ၃၈ ဦးနှင့် အထူးတပ်ဖွဲ့ဝင်များ လိုက်ပါနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက Viasat-3 F3 ဆက်သွယ်ရေးဂြိုဟ်တုကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် မေ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Viasat-3 F3 အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို ဧပြီ ၂၉ ရက်တွင် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

Viasat-3 F3 ဆက်သွယ်ရေး ဂြိုဟ်တုကို သယ်ဆောင်ထားသော ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ငါးနာရီခန့် အကြာတွင် ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံသည် Viasat-3 F3 ဆက်သွယ်ရေး ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အလေးချိန် ၆ ဒသမ ၆ တန်ထိရှိသော Viasat-3 F3 ဆက်သွယ်ရေးဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုများပေးမည်ဖြစ်သည်။

Viasat-3 F3 ဆက်သွယ်ရေး ဂြိုဟ်တုမစ်ရှင်သည် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံများအတွက် ၁၈ လအတွင်း ပထမဆုံးအာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံသည် နိုင်ငံတကာ အာကာသအေဂျင်စီများအသုံးပြုနေကြသော ဒုံးပျံများအနက် စွမ်းဆောင်ရည် ဒုတိယအမြင့်ဆုံးဒုံးပျံဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**


## စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံ အစိတ်အပိုင်းတစ်ခုက ယခုနှစ် နွေရာသီအတွင်း လကမ္ဘာကိုဝင်တိုက်နိုင်ခြေရှိ

**ဝါရှင်တန် မေ ၁**

စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံ အစိတ်အပိုင်းတစ်ခုသည် ယခုနှစ် နွေရာသီအတွင်း လကမ္ဘာကို ဝင်တိုက်နိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒုံးပျံယာဉ်အစိတ်အပိုင်းသည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၅ ခုနှစ် အစောပိုင်းတွင် လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံ၏ အစိတ်အပိုင်းဖြစ်သည်။

ကိုယ်ထည်အလျား ၄၅ ပေရှိသော အထက်ပါဒုံးပျံအစိတ်အပိုင်းသည် လက်ရှိအချိန်တွင် ဦးတည်ရာမဲ့ မျောလွင့်နေပြီး လာမည့် ဩဂုတ်လအတွင်း လကမ္ဘာနှင့်ဝင်တိုက်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။



မိမိတို့၏ခန့်မှန်းချက်အရ ၎င်း ဒုံးပျံအစိတ်အပိုင်းသည် ဩဂုတ် ၅ ရက်တွင် အိုင်းစတိုင်းဥက္ကာချိုင့်ဝှမ်း အမည်ရှိ လကမ္ဘာဥက္ကာချိုင့်ဝှမ်း အနီး ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်းကျရောက်မှုကြောင့် လကမ္ဘာအတွက်သော်လည်းကောင်း၊ လပေါ်ရှိအာကာသယာဉ်များအတွက်လည်းကောင်း မည်သည့်ပြဿနာမျှမရှိဘဲ ဥက္ကာချိုင့်ဝှမ်းသစ်တစ်ခုသာ ပေါ်ထွက်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်းသည် တစ်နာရီလျှင် မိုင် ၅၄၀၀ အမြန်နှုန်းဖြင့် လကမ္ဘာပေါ်သို့ကျရောက်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏ ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှု နယ်မြေအနားသတ်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ရောမ မေ ၁**

နဂါးငွေ့တန်းကြယ်စု၏ကြယ်များ ဖွဲ့စည်းဖြစ်ပေါ်မှု နယ်မြေအနားသတ်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီနိုင်ငံ အင်ဆူဘရီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ နဂါးငွေ့တန်းကြယ်စု၏ ကြယ်များဖွဲ့စည်းဖြစ်ပေါ်ရာ နယ်မြေအနားသတ်သည် ကြယ်စုဗဟိုချက်နှင့် အလင်းနှစ် ၄၀၀၀၀ အကွာတွင်တည်ရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နဂါးငွေ့တန်းကြယ်စု ဗဟိုချက်နှင့် အလင်းနှစ် ၄၀၀၀၀ အလွန်တွင် ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှုမရှိတော့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နဂါးငွေ့တန်းကြယ်စု၏ အရွယ်အစားမှာ အချင်းအားဖြင့် အလင်းနှစ် ၁၀၀၀၀၀ ထိရှိကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက နေအဖွဲ့အစည်းသည် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်နှင့် အလင်းနှစ် ၂၆၀၀၀ အကွာတွင်ရှိရာ ကြယ်များဖွဲ့စည်းဖြစ်ပေါ်နိုင်သည့် နယ်မြေအတွင်း ပါဝင်နေကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

အီတလီ သိပ္ပံပညာရှင်များသည်နဂါးငွေ့တန်းကြယ်စု ခရုပတ်ခွေအတွင်းရှိ ကြယ်ပေါင်း ၁၀၀၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ထိကြက်ဥစားခြင်းက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၁**

သီတင်းတစ်ပတ်လျှင် ကြက်ဥနှစ်ကြိမ်စားသုံးခြင်းဖြင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဧပြီ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ လိုမာလင်ဒါတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အမျိုးသားနှင့်အမျိုးသမီး ဦးရေ ၄၀၀၀၀ ခန့်တို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် အနည်းဆုံးကြက်ဥနှစ်ကြိမ် စားသုံးသူများသည် လုံးဝမစားသူများနှင့် နှိုင်းယှဉ်ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ သီတင်းတစ်ပတ်လျှင် အနည်းဆုံးငါးကြိမ်ထိ ကြက်ဥစားသုံးသူများတွင်မူ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၇ ရာခိုင်နှုန်းထိ နည်းပါးကြောင်း သိရသည်။

ကြက်ဥတွင်ပါဝင်သော အာဟာရဓာတ်များသည် ဦးနှောက်ကျန်းမာရေးကို ကာကွယ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသန ပညာရှင်များက ယုံကြည်ထားသည်။

ကြက်ဥတွင်ပါဝင်သည့် Choline ခေါ် အာဟာရဓာတ်တစ်မျိုးနှင့် ဗီတာမင်-ဘီ ၁၂ အာဟာရဓာတ်တို့သည် ဦးနှောက်ဆဲလ်ကျန်းမာရေးကို အထောက်အကူပြုကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဥရောပတိုက်တွင် အသည်းရောဂါကြောင့် နှစ်စဉ်လူဦးရေ ၃၀၀၀၀၀ ကျော်သေဆုံးနေ

**လန်ဒန် မေ ၁**

ဥရောပတိုက်တွင် အသည်းရောဂါသည် အသံတိတ်ကပ်ရောဂါတစ်ခုဖြစ်လာပြီး နှစ်စဉ် လူဦးရေ ၃၀၀၀၀၀ ကျော် အသည်းရောဂါကြောင့် သေဆုံးနေကြရကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရက်သေစာ သောက်စားမှု၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများစားသုံးမှု၊ အဝလွန်မှုတို့သည် ဥရောပတိုက်ရင်ဆိုင်နေရသည့်အသည်းရောဂါပြဿနာ၏ အဓိကနောက်ခံ အကြောင်းတရားများဖြစ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဥရောပတိုက်၌ အသည်းရောဂါကြောင့်သေဆုံးမှုနှုန်းမှာ ပြီးခဲ့သည့် နှစ် ၅၀ အတွင်း လေးဆထိမြင့်တက်လာကြောင်း သိရသည်။

အရက်သေစာ သောက်စားမှုကြောင့်သာ အသည်းရောဂါဖြစ်ပွားတတ်ကြောင်း ရှေးယခင်ကမှတ်ယူခဲ့ကြသော်လည်း နောက်တွင် အသည်းရောဂါဖြစ်ပွားမှုမှာ ခေတ်သစ်ဘဝနေထိုင်မှု ပုံစံများနှင့်လည်း ဆက်စပ်လာကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အထူးသဖြင့် ခေတ်သစ်ဘဝနေထိုင်မှုပုံစံများနှင့် ဆက်စပ်နေသော အဝလွန်မှု၊ ပုံစံ-၂ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့သည် အသည်းရောဂါ ဖြစ်ပွားမှုနှုန်းမြင့်တက်လာမှု၏ နောက်ခံအကြောင်းတရားများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုးကို ပွဲအနည်းဆုံးဖြင့်ပြည့်မြောက်သည့် တောင်အမေရိက ကစားသမားအဖြစ် အေတီကိုအသင်းမှ အယ်ဗာရက်ဇ် မှတ်တမ်းဝင်



**မက်ဒရစ် မေ ၁**

အေတီကိုအသင်းတိုက်စစ်မှူး အယ်ဗာရက်ဇ်သည် ချန်ပီယံလိဂ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမ အကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် အေတီကိုအသင်းနှင့် အာဆင်နယ် အသင်းတို့ပွဲစဉ်တွင် အေတီကို အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုးကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သည့် တောင်အမေရိက ကစား သမားအဖြစ် မှတ်တမ်းဝင်ခဲ့ ကြောင်း The Athletic သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အေတီကိုအသင်းနှင့် အာဆင် နယ်အသင်းတို့ ပွဲစဉ်တွင် ပွဲချိန် ၅၆ မိနစ်၌ အယ်ဗာရက်ဇ်က ပင်နယ်တီမှတစ်ဆင့် အသင်း အတွက် ချေပဂိုးသွင်းယူခဲ့ပြီး နောက် ချန်ပီယံလိဂ်ပြိုင်ပွဲ ၄၁ ပွဲ ဖြင့် သွင်းဂိုး ၂၅ ဂိုးထိရှိလာသော ကြောင့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ချန်ပီယံလိဂ် ပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုးကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့ သည့် တောင်အမေရိက ကစား သမားအဖြစ် အယ်ဗာရက်ဇ်မတိုင်မီ က ဘာစီလိုနာအသင်းကစားသမား ဟောင်း မက်ဆီက ၄၂ ပွဲဖြင့် စံချိန် တင်ထားခဲ့ခြင်းကို အယ်ဗာရက်ဇ် က ၄၁ ပွဲဖြင့်ကျော်ဖြတ်ကာ သွင်းဂိုး ၂၅ ဂိုးကို ပွဲအနည်းဆုံးဖြင့်ပြည့် မြောက်ခဲ့သည့် တောင်အမေရိက ကစားသမားအဖြစ် မှတ်တမ်းဝင် ခဲ့ခြင်းဖြစ်သည်။

အယ်ဗာရက်ဇ်သည် အေတီကို အသင်းနှင့် အာဆင်နယ်အသင်း တို့ပွဲစဉ်တွင် ပွဲချိန် ၇၇ မိနစ်၌ ပေါင်ဒဏ်ရာ ရရှိခဲ့ပြီးနောက် လူစားလဲထွက်ခွာခဲ့ရပြီး မည်သည့် အချိန်တွင် ပြန်လည်ကစားနိုင် မည်ကို မသိရှိရသေးကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်လုပွဲအဆင့်သို့ ကော့ယူ့ခ်တက်ရောက်

**မက်ဒရစ် မေ ၁**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ယူကရိန်း တင်းနစ်မယ် ကော့ယူ့ခ်နှင့် ဩစတြီးယားတင်းနစ်မယ် ပိုတာ ပိုဗာတို့ယှဉ်ပြိုင်ခဲ့ရာ ကော့ယူ့ခ်က (၆-၂၊ ၁-၆၊ ၆-၁) ရလဒ်ဖြင့်အနိုင်ရ ပြီးဖိုင်နယ်လုပွဲအဆင့်ကိုတက်ရောက် ခဲ့ကြောင်း Tennis 365 သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကော့ယူ့ခ်အနေဖြင့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဖိုင်နယ်လုပွဲ အဆင့်သို့ တက်ရောက်နိုင်ခဲ့သော် လည်း စွမ်းဆောင်ရည်ပိုင်း တည်ငြိမ်မှုမရှိခဲ့ဘဲ ပထမပွဲငယ် တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည် ရှုံးနိမ့်ခဲ့ရသည်။

အဆုံးအဖြတ် ပွဲစဉ်အား ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ ကော့ယူ့ခ်ကပြတ်သားသည့်ရလဒ် ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကော့ယူ့ခ်က "ပထမပွဲငယ် က အဆင်ပြေပါတယ်။ ဒါပေမဲ့ ဒုတိယပွဲငယ်ဟာ ကျွန်မအတွက် တော့ စိတ်ပျက်စရာပါပဲ။ စွမ်းဆောင်ရည်ပိုင်းမတည်ငြိမ်မှု ကတော့ အောင်မြင်မှုတွေရဖို့ အတွက် အတားအဆီးတစ်ခုပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဖိုင်နယ်လုပွဲ အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဆီမီး ဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကျွန်မရဲ့ပုံမှန် လက်စွမ်းမျိုးတော့မဟုတ်ပေမဲ့လဲ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ဖို့ အတွက် လုံလောက်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**



# ပီအက်စ်ဂျီအသင်းမှ ဟာကီမီ ဒဏ်ရာကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်ကစားမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်ကိုလွဲချော်မည်

**ပဲရစ် မေ ၁**

ပီအက်စ်ဂျီအသင်း ခံစစ်ကစား သမား ဟာကီမီသည် တံကောက် ကြောဒဏ်ရာကြောင့် ဘိုင်ယန် မြူးနစ်အသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့် ဒုတိယအကျော့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

ဟာကီမီသည် ဘိုင်ယန်မြူးနစ် အသင်းနှင့်ကစားခဲ့သည့် ချန်ပီယံ လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ပါဝင် ကစားခဲ့သော်လည်း အသင်း လေ့ကျင့်ရေး အစီအစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီး နောက် ရက်သတ္တအနည်းငယ် အနားယူရမည်ဖြစ်သည်။

ဟာကီမီအနေဖြင့် တံကောက် ကြောဒဏ်ရာနှင့် ပတ်သက်ပြီး မည်သည့်အချိန်ထိ အနားယူရမည် ကို မသိရှိရသေးဘဲ အသင်းဆေး အဖွဲ့က အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်နေပြီး ဆက်လက် စောင့်ကြည့်ရမည် ဖြစ်သည့် အတွက် ဘိုင်ယန်မြူးနစ်အသင်း နှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယ အကျော့ပွဲစဉ်အပါအဝင် ပြင်သစ် ပြည်တွင်းလိဂ်ပွဲစဉ် အချို့ကိုပါ လွဲချော်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အက်ရှ်လေယန်း ကြေညာ

**လန်ဒန် မေ ၁**

အေဗီလာအသင်း၊ မန်ယူ အသင်း၊ အဲဗာတန်အသင်း ကစား သမားဟောင်း အက်ရှ်လေယန်းက ပရော်ဖက်ရှင်နယ် ကစားသမား ဘဝမှအနားယူကြောင်း ကြေညာ ခဲ့သည်ဟု One Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အသက် ၄၀ ရှိ အက်ရှ်လေယန်း သည် ပရော်ဖက်ရှင်နယ်ကစား သမားဘဝကို ၂၀၀၃ ခုနှစ်က ဝက်ဖို့ဒ်အသင်းနှင့် စတင်ခဲ့သူဖြစ် ပြီး ၂၀၀၇ ခုနှစ်တွင် ဝက်ဖို့ဒ် အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အေဗီလာ အသင်းတွင် ၂၀၁၁ ခုနှစ်ထိ ကစား ခဲ့ကာ ၂၀၁၁ ခုနှစ် နွေရာသီကစား သမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ ခဲ့သည်။

ထို့နောက် အက်ရှ်လေယန်းသည် မန်ယူအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ကာလရှည် ပါဝင်ကစားခဲ့ပြီး နောက်ပိုင်းနှစ် များတွင် ဒဏ်ရာပြဿနာများ နှင့် ရုန်းကန်ခဲ့ရကာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် မန်ယူ အသင်းမှ အင်တာမီလန်အသင်း သို့ ပြောင်းရွှေ့ခဲ့သော်လည်း အင်တာမီလန် အသင်းတွင် တစ်ရာသီသာကစားခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အသင်းဟောင်း တစ်သင်းဖြစ်သည့် အေဗီလာ အသင်းထံ ပြန်လည်ပြောင်းရွှေ့ ကစားခဲ့သည်။

အက်ရှ်လေယန်းသည် အေဗီလာ အသင်းတွင် နှစ်ရာသီကြာ ကစားခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ ခဲ့သော်လည်း ၎င်း၏ အသက် အရွယ် အပိုင်းအခြားကြောင့် ခြေစွမ်းပြသနိုင်ခြင်း မရှိသည့် အတွက် ၂၀၂၅ ခုနှစ်တွင် အစ်ဝှစ်ချ် အသင်းထံ အလွတ်ပြောင်းရွှေ့ ကြေးဖြင့် ပြောင်းရွှေ့ခဲ့ပြီး ပေါင် ဒဏ်ရာကြောင့် ကာလရှည်အနား ယူရမည် ဖြစ်သည့်အတွက် အစ်ဝှစ်ချ်အသင်းနှင့် နှစ်ဖက် သဘောတူလမ်းခွဲကာ ပရော် ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# ချဲလ်ဆီးအသင်းချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ပါက ကူကူရယ်လာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန်ပြင်ဆင်

**လန်ဒန် မေ ၁**

ချဲလ်ဆီးအသင်း ခံစစ်ကစား သမား ကူကူရယ်လာ အနေဖြင့် လာမည့်နှစ် ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းချန်ပီယံလိဂ်ပြိုင် ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဆိုပါက အသင်းမှထွက်ခွာပြီး ဘာစီလိုနာ အသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကူကူရယ်လာ သည် ၂၀၂၂ ခုနှစ်က ဘရိုက်တန် အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ခြေစွမ်းပြသ နိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းနှစ်များတွင် အရေး ပါသည့်ကစားသမားအဖြစ် ပါဝင် နေသူဖြစ်သည်။

ကူကူရယ်လာကို လာမည့်နှစ် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် ဘာစီလိုနာ အသင်းကခေါ်ယူရန် စီစဉ်နေပြီး ကင်းထောက်အဖွဲ့ စေလွှတ်ကာ ကစားသမား၏ ခြေစွမ်းပိုင်းကို စောင့်ကြည့်နေသကဲ့သို့ အေးဂျင့် ထံလည်း ဆက်သွယ်မှုများပြုလုပ် ထားသည်။



ထို့ပြင် ကူကူရယ်လာကိုယ်တိုင် ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ လိုသည့်အတွက် ချဲလ်ဆီးအသင်း ချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဆိုပါ က ဘာစီလိုနာအသင်းသို့ပြောင်း ရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့တွင် ရှက်တာဒိုးနက်အသင်းကို အနိုင်ရပြီး ပဲလေ့စ်အသင်း ဗိုလ်လုပွဲတက်ရောက်ရန် နီးစပ်နေ



**လန်ဒန် မေ ၁**

ယူရိုပါကွန်ဖရင့်လိဂ် ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ရှက်တာဒိုးနက်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ကစားခဲ့ရာ ပဲလေ့စ်အသင်းက သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ရန် နီးစပ်နေကြောင်း Fotmob သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပဲလေ့စ်အသင်းသည် အဆိုပါပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်ကို အဝေးကွင်းသွားရောက် ယှဉ်ပြိုင်ခဲ့ရသော်လည်း တန်ပြန်တိုက်စစ်များဖြင့် ရှက်တာဒိုးနက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် တစ်မိနစ်တွင်ပင် အစ်မာလီယာဆားက ပဲလေ့စ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ကြိုးပမ်းလာသည့် ရှက်တာဒိုးနက်အသင်းက တိုက်စစ်ကစားပုံမြှင့်တင်လာသဖြင့် ပွဲချိန် ၄၇ မိနစ်တွင် အိုချာရတ်ကိုက ရှက်တာဒိုးနက် အသင်းအတွက် ချေပဂိုး သွင်းယူခဲ့သော်လည်း ပဲလေ့စ်အသင်းက တန်ပြန်တိုက်စစ်များမှ ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် ကာမာဒါ၊ ပွဲချိန် ၈၄ မိနစ်တွင် လာဆန်တို့က ပဲလေ့စ်အသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးများသွင်းယူခဲ့သည့်အတွက် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းသည် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် မေ ၈ ရက်တွင် ရှက်တာဒိုးနက်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည် ဖြစ်သည့်အတွက် ဗိုလ်လုပွဲအဆင့်သို့တက်ရောက်ရန် နီးစပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# မြင့်မားသည့်ပြောင်းရွှေ့ကြေး သတ်မှတ်မှုကြောင့် မန်ယူအသင်းက နော်တင်ဟမ်အသင်းမှ အန်ဒါဆန်ကို ခေါ်ယူရန်ကြိုးပမ်းမှုရပ်ဆိုင်းခဲ့

**မန်ချက်စတာ မေ ၁**

မန်ယူအသင်းက လာမည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နော်တင်ဟမ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား အန်ဒါဆန်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးသတ်မှတ်မှုကြောင့် ရပ်ဆိုင်းခဲ့ကြောင်း Transfer News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးက အသင်းမှထွက်ခွာမည်ဖြစ်သည့်အတွက် ရေရှည်အစားထိုးမှုအဖြစ် နော်တင်ဟမ်အသင်းမှ ကွင်းလယ်ကစားသမား အန်ဒါဆန်ကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

သို့သော်နော်တင်ဟမ်အသင်းက အန်ဒါဆန်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၂၀ သတ်မှတ်ထားပြီး မန်ယူအသင်းက စတာလင်ပေါင် သန်း ၁၀၀ အထက်ကို ပေးချေလိုခြင်းမရှိသည့်အတွက် ခေါ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အန်ဒန်ဆန်ကို မန်ယူအသင်းအပြင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကလည်း အစောပိုင်းကတည်းက အသင်းကွင်းလယ်ကစားသမား ရိုဒရီ၏နေရာတွင် အစားထိုးလိုသည့်အတွက် အန်ဒါဆန်ကိုခေါ်ယူရန်အပြိုင်ကြိုးပမ်းနေပြီး ယခုအခါ မန်ယူအသင်းက ခေါ်ယူမည့်အစီအစဉ် ရပ်ဆိုင်းခဲ့သည့်အတွက် မန်စီးတီးအသင်းက ခေါ်ယူနိုင်ရန် ပို၍နီးစပ်လာခဲ့သည်။

မန်ယူအသင်းသည် အန်ဒါဆန်ကို ခေါ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့သော်လည်း ပဲလေ့စ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဝါတန်ကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Transfer News
Trs : STA

# Cadillac Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ကင်မရွန်းယန်းက အမှတ်ပေးဇယားကို ဦးဆောင်

**မီယာမီ မေ ၁**

အမေရိကန်နိုင်ငံ မီယာမီမြို့တွင် ကျင်းပနေသည့် Cadillac Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Monthly သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျော်ဒန်စပိုက်၊ စမောလေတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ရပ်တည်နေသည်။

ပထမနေ့တွင် ကင်မရွန်းယန်းသည် ၉၇ ပေအကွာမှ ကျင်းကို ဝင်အောင်ရိုက်နိုင်ခဲ့ပြီး ယင်းရိုက်ချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းယန်းက "ဒီနေ့မှာတော့ သိပ်ကိုကောင်းမွန်တဲ့ ရိုက်ချက်တစ်ချက်ကို ရိုက်နိုင်ခဲ့ပါတယ်။ ထင်မှတ်မထားတဲ့ ရိုက်ချက်ပါ။ ကိုယ့်ကိုယ်ကိုယ်လဲ ဂုဏ်ယူပါတယ်။ ပေပေါင်း ဘီလီယံနဲ့ချီပြီးဝေးကွာတဲ့ အကွာအဝေးလောက်ကနေ ဝင်အောင် ရိုက်နိုင်ခဲ့တယ်လို့တောင် ခံစားမိခဲ့ပါတယ်။ အမှားတချို့တော့ ကျူးလွန်မိခဲ့ပါတယ်။ ဒါပေမဲ့ ကျူးလွန်မိခဲ့တဲ့ အမှားတွေက အမှားလို့ သတ်မှတ်လို့မရဘူးလို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly
Trs : AZL



## ပရီးမီးယားလိဂ် ပွဲစဉ် (၃၅)
## ပွဲကြိုသုံးသပ်ချက်များ

**ဘုန်းမောက် Vs ပဲလေ့စ်**

ကစားမည့်ရက်/အချိန် ၃-၅-၂၀၂၆ (ည ၀၇:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပဲလေ့စ် ၃ - ၃ ဘုန်းမောက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |
| ပဲလေ့စ် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |

ဘုန်းမောက်အသင်းဟာ ဥရောပဝင်ခွင့်ရရှိဖို့ကြိုးပမ်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ကလဲ ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပဲလေ့စ်အသင်းကတော့ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်မလိုတော့တဲ့အခြေအနေဖြစ်နေသလို ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကို အာရုံစိုက်ကစားနေတာဖြစ်လို့ အခုပွဲစဉ်မှာ နိုင်ပွဲရှာရမဲ့ ဘုန်းမောက်အသင်းကိုအားပေးရမှာပါ။

ခန့်မှန်းရလဒ်- ဘုန်းမောက် ၂ - ၁ ပဲလေ့စ်

**အေဗီလာ Vs စပါး**

ကစားမည့်ရက်/အချိန် ၄-၅-၂၀၂၆ (မနက် ၁၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စပါး ၁ - ၂ အေဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| စပါး | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

အေဗီလာအသင်းဟာ နောက်ဆုံးသုံးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး နှစ်ပွဲဆက်ရှုံးခဲ့တာဖြစ်သလို ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ စပါးအသင်းကတော့ နည်းပြဒီဇာဘီလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်လာသလို လာမဲ့ပွဲစဉ်တိုင်းကို နိုင်ပွဲရမှသာ တန်းမဆင်းရမှာဖြစ်လို့ အခုပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရှာရမဲ့ စပါးအသင်းကို အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အေဗီလာ ၀ - ၁ စပါး

## စပိန်လာလီဂါ ပွဲစဉ် (၃၄)
## ပွဲကြိုသုံးသပ်ချက်

**ဗီလာရီးရဲလ် Vs လီဗန်တေး**

ကစားမည့်ရက်/အချိန် ၂-၅-၂၀၂၆ (ည ၆:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗန်တေး ၀ - ၁ ဗီလာရီးရဲလ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| လီဗန်တေး | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

ဗီလာရီးရဲလ်အသင်း ဟာ လီဗန်တေးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လီဗန်တေးအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ပြန်လည်ကောင်းမွန်လာတယ်ဆိုပေမယ့် အဝေးကွင်း ခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါ့ကြောင့် ခြေစွမ်းပိုင်းနဲ့ အိမ်ရှင်အားသာချက်ရှိတဲ့ ဗီလာရီးရဲလ်အသင်းက အနိုင်ရယူမှာပါ။

ခန့်မှန်းရလဒ်- ဗီလာရီးရဲလ် ၂ - ၁ လီဗန်တေး

## အီတလီစီးရီးအေ ပွဲစဉ်(၃၅)
## ပွဲကြိုသုံးသပ်ချက်

**ကိုမို Vs နာပိုလီ**

ကစားမည့်ရက်/အချိန် ၂-၅-၂၀၂၆ (ည ၁၀:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နာပိုလီ ၁ - ၁ ကိုမို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | - | ဝေး(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |
| နာပိုလီ | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိနေတဲ့ ကိုမိုအသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ ကိုမိုအသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိတဲ့ အသင်းတစ် သင်းပါ။ နာပိုလီအသင်းကတော့နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေလို့ အခုအဝေးကွင်းပွဲစဉ်မှာရုန်းကန်ရမှာပါ။ ဒါ့ကြောင့် ကိုမိုအသင်းကို အားပေးရမှာပါ။

ခန့်မှန်းရလဒ်- ကိုမို ၂ - ၁ နာပိုလီ

# နိုင်ငံတော်၏ ရေကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းပါဝင်ပေး

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းများစွာ တည်ရှိလျက်ရှိသည်။ နိုင်ငံတိုင်းတွင်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသောသယံဇာတများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထိုသယံဇာတများ ရေရှည်တည်မြဲရန်အတွက် နိုင်ငံအတွင်းရှိသော နိုင်ငံသားတို့၏ စည်းကမ်းပြည့်ဝမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများသာမက ရေအရင်းအမြစ်များ၏ အရေးပါမှုသည်လည်း ပါဝင်နေသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ သယံဇာတများ မပျောက်ပျက်စေရန်အတွက် ရေကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျားမခွဲခြားခြင်းမရှိသော တာဝန်ယူမှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။

တာဝန်ဆိုသည်မှာ ဆောင်ရွက်ရန် အမှုကိစ္စ၊ ဝတ္တရားဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ မည်သည့်ကဏ္ဍမဆို လိုက်နာဆောင်ရွက်ပါက ပြည့်ဝကောင်းမွန်သောအကျိုးတရားများ ခံစားရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက မလိုလားအပ်သောဆိုးကျိုးများသည် အတားအဆီးမဲ့စွာ ဝင်ရောက်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် "ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏ ရေကဏ္ဍဆိုင်ရာများ စည်ပင်ဖွံ့ဖြိုးရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မျှတစွာ တာဝန်ယူမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်သည်။

ရေကဏ္ဍဆိုင်ရာ ဖြစ်တည်ပြောင်းလဲမှုများကို လေ့လာကြည့်မည်ဆိုပါက ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်စပ်နေသည်ကိုတွေ့ရှိရသည်။ ရာသီဥတုများပြောင်းလဲရခြင်းသည် ရေကဏ္ဍ၏ချို့ယွင်းမှုနှင့် သက်ဆိုင်နေသကဲ့သို့ ရေကဏ္ဍချို့ယွင်းရခြင်းသည်လည်း ရာသီဥတုပြောင်းလဲရခြင်းနှင့် သက်ဆိုင်နေသည်။ ရေကဏ္ဍများချို့ယွင်းလာပါက သက်ရှိလူသားများ၊ ဂေဟစနစ်များအပြင် စိုက်ပျိုးရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍစသည့်ကဏ္ဍအသီးသီးတို့ကိုပါ ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိကြရသည်။ ၂၀ ရာစုနှစ်လယ်ပိုင်းမှစတင်ပြီး ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ရေသံသရာလည်မှုများကို ထင်ရှားစွာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့ရှိခဲ့ကြရသည်။ ဤပြောင်းလဲမှုများသည် ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်၊ ရေနှင့် သန့်ရှင်းသောရေ ရရှိနိုင်မှုများအပေါ် များစွာသက်ရောက်မှုရှိသည်ကိုလည်း တွေ့ရှိကြရသည်။ ရာသီဥတုပြောင်းလဲမှုများ၏ သက်ရောက်မှုကြောင့် မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်း၊ အပူချိန်မြင့်မားခြင်းနှင့်အတူ ရေလိုအပ်ချက်များ မြင့်မားလာခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းနှင့် မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်း၊ လွန်ကဲမိုးလေဝသဖြစ်စဉ်အရေအတွက် တိုးမြင့်လာခြင်း စသည်တို့ကိုဖြစ်ပေါ်စေနိုင်သည်။ ရေလိုအပ်ချက်ပုံစံ ပြောင်းလဲလာသည်နှင့်အမျှ ရာသီဥတုဆိုးကျိုးများ ဖြစ်ပေါ်စေရုံသာမက သဘာဝသယံဇာတ ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရှိရသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ ကာကွယ်ရန်အတွက် ပြည်သူတစ်ရပ်လုံးက အောက်ပါတို့ကို လိုက်နာဆောင်ရွက်သင့်ပေသည်။ သစ်တောပြုန်းတီးခြင်းကိုလျှော့ချပြီး သစ်ပင်များကို ပိုမိုစိုက်ပျိုးရန်၊ ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်၊ စက္ကူနှင့် စွန့်ပစ်ပစ္စည်းများကိုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်ရန် recycle ပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မညစ်နွမ်းစေရန် စီမံဆောင်ရွက်မှုများ တိုးတက်လာစေရန်၊ ပလတ်စတစ်အသုံးပြုမှုကို ရှောင်ရှားရန်၊ ရေကို ချွေတာသုံးစွဲရန်၊ သဘာဝလေဝင်၊ လေထွက်ကောင်းအောင်ပြုလုပ်ရန်နှင့် လေအေးပေးစက်အသုံးပြုမှုကို ရှောင်ရှားရန်၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သောပြည်သူများကို မကြာခဏ ရေလွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် သစ်ပင်များနှင့် ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီးပွားရေးဆိုင်ရာ အလေ့အထများကို မြှင့်တင်ပေးရန်၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကိုဖြေရှင်းရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော နိုင်ငံဖြစ်သည်။ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကားဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ကြွယ်ဝမှသာလျှင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်နိုင်ရန်အတွက် ရေကဏ္ဍ၏ပံ့ပိုးမှုသည် အဓိကနေရာမှ



ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ရှိသော ရေအရင်းအမြစ်များကို အပြည့်အဝအသုံးချနိုင်မှသာလျှင် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရေအားလျှပ်စစ်လုပ်ငန်းများ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ သောက်သုံးရေပေးရေးလုပ်ငန်းများ၊ စက်ရုံများလည်ပတ်ရာတွင် ရေအလုံအလောက်ရရှိရေးတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်၍ နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သည့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့်အင်အားစုကြီးဖြစ်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် အမျိုးသမီးများသည်လည်း နိုင်ငံတော်၏ ဘက်စုံတည်ဆောက်ရာတွင် တစ်ထောင့်တစ်နေရာက ပါဝင်နိုင်သောကြောင့် ချန်လှပ်ထားရန် မလိုအပ်ကြောင်း တွေ့ရှိရသည်။ ကျားမတန်းတူ အခွင့်အရေးပေးခြင်းသည်လည်း မျှတသည့်ဆောင်ရွက်မှုတစ်ခုဟု သတ်မှတ်နိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် တိုးတက်ဖွံ့ဖြိုးသော စက်မှုနိုင်ငံတော်သို့ ဦးတည်ဆောင်ရွက်လျက်ရှိရာ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေလှောင်ကန်များရှိရန် လိုအပ်သည်။ စိုက်ပျိုးရေးအတွက် အသုံးပြုနေသည့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများသည် မြစ်ချောင်းများအတွင်းသို့ တဖြည်းဖြည်း စိမ့်ဝင်လျက်ရှိသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများမှစွန့်ပစ်သော ညစ်ညမ်းသောရေများသည် ရေညစ်ညမ်းမှုပမာဏကို တိုးတက်စေသည်။ ထိုမှတစ်ဆင့် ရေကဏ္ဍ၏ မလိုလားအပ်သောဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်သည်။ ထိုသို့ ဆိုးကျိုးများဖြစ်ပေါ်လာပါက ကဏ္ဍစုံမှ ယန္တရားများလည်ပတ်ရန် အဆင်ပြေလိမ့်မည် မဟုတ်တော့ပေ။ နောက်ဆက်တွဲအနေဖြင့် နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ စည်ပင်ဝပြောရေး စသည်တို့ကို ထိခိုက်လာစေနိုင်သည်။

စွန့်ပစ်အမှိုက်များမှတစ်ဆင့် ညစ်ညမ်းသော ရေများမဖြစ်စေရန်အတွက် ဆောင်ရွက်ခြင်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊မ ဟူသော သတ်မှတ်ချက်များကိုဖယ်ကြဉ်၍ အားလုံးသည် နိုင်ငံသားဟူသော အသိစိတ်ကိုယ်စီဖြင့် တာဝန်ယူသင့်သည်။ ရေကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်–

(၁) လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ဆောင်ရွက်ခြင်း။

(၂) ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်များကို အသိစိတ်ဖြင့်ဆောင်ရွက်ခြင်း။

(၃) မဆင်မခြင်ပေါ့ဆသော အပြုအမူများကို မပြုလုပ်မိအောင် သတိထားဆင်ခြင်ခြင်း။

(၄) မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အသိပညာပေးလုပ်ငန်းများ မျှဝေဆောင်ရွက်ခြင်း အစရှိသည့် အချက်များလိုက်နာရန် အထူးလိုအပ်ပါသည်။

ကျား၊မ မခွဲခြားဟုဆိုရာတွင် လုပ်ဆောင်ရမည့် အခန်းကဏ္ဍများ၏ မတူညီသော ကွဲပြားမှုများကို သိရှိရန်လိုအပ်သည်။ သိရှိမှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နောက်ဆက်တွဲ ကောင်းကျိုးများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ လူသားတို့၏ နေ့စဉ်ဘဝအတွက် အထူးအရေးကြီးသောအရာမှာ ရေဖြစ်သည်။ ရေကို စနစ်တကျ ထိန်းသိမ်းအသုံးပြုတတ်မှသာလျှင် ရေအရင်းအမြစ်များ တည်တံ့နိုင်မည်ဖြစ်ပြီး ရေကဏ္ဍများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းနေပြီဖြစ်သော မျက်မှောက်ခေတ်ကာလတွင် ကဏ္ဍစုံနယ်ပယ်အသီးသီးတွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုများကိုလည်း အတိုင်းသားမြင်တွေ့နေရသည်။ ထို့ကြောင့် လူသားအရေးကြီးသော ရေကဏ္ဍများ ဖွံ့ဖြိုးစေရန်အတွက် ကျား၊မ ခွဲခြားခြင်းမရှိသော တာဝန်တစ်ရပ်သည် လူသားအားလုံးအပေါ် လွှမ်းခြုံလျက်ရှိသည်။

ရေရရှိရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ လူသားများ သောက်သုံးရေအလုံအလောက်ရရှိနိုင်မှုကို သေချာစေရန်နှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို သက်ရောက်စေရန်အတွက် ရေသည် အရေးကြီးသည်။ ထို့ပြင်ကျန်းမာရေးနှင့် လူမှုစီးပွားတိုးတက်ရေး၊ မိသားစုဘဝသာယာဝပြောရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်စနစ်များ၊ စီးပွားရေးကုန်ထုတ်စွမ်းအားနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့သည် လူ့ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ရေစီမံခန့်ခွဲမှုပေါ်တွင် မှီခိုနေသည်။ ရေသည် သုခချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ ရေကြောင့်လည်း ဒုက္ခဆင်းရဲကို ခံစားစေနိုင်သည်။ ရေရှားပါးမှု၏ နောက်ဆက်တွဲကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ သစ်ပင်များနှင့် တိရစ္ဆာန်များ သေကျေပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေကြောင့် ငြိမ်းချမ်းရေးပျက်ကာ အငြင်းပွား၊ အချင်းများနိုင်သည်ထိ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် နိုင်ငံအစိုးရများသည် ရေနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုများ လုပ်ဆောင်သောအခါ၊ နိုင်ငံဖြတ်ကျော် ရေအရင်းအမြစ်များနှင့် ပတ်သက်ပြီး ဒေသတွင်းနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန်၊ အပြုသဘောဆောင်သော သက်ရောက်မှုများကို ဖန်တီးနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါပြဋ္ဌာန်းချက်များသည် ရေကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် သိရှိရုံနှင့်မပြီးဘဲ လိုက်နာဆောင်ရွက်မှသာလျှင် မျှော်မှန်းထားသောအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ တစ်နှစ်နှင့်တစ်နှစ် မတူဘဲ တိုးတက်ပြောင်းလဲလာစေရန်အတွက် ရေကဏ္ဍများ၏ အရေးပါမှုနှင့် ကြိုးစားဆောင်ရွက်မှုများသည် အရေးတကြီးလိုအပ်သည်။ သို့မှသာ နယ်ပယ်စုံ၊ ကဏ္ဍစုံအသီးသီးရှိ လုပ်ငန်းဆောင်တာများ၏ အောင်မြင်မှုအသီးသီးရရှိပြီး နိုင်ငံတော်ကြီး စည်ပင်ဝပြောလာနိုင်မည်ဖြစ်သည်။

ရေကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျား၊ မ တန်းတူပါဝင်ရန်လိုအပ်သည့်အပြင် အသက်အရွယ်အပိုင်းအခြားမရွေးပါဝင်ရန်လည်း လိုအပ်သည်။ စည်းကမ်းလိုက်နာခြင်းနှင့် သတ်မှတ်ထားသောပြဋ္ဌာန်းချက်များကိုဆောင်ရွက်ခြင်း အစရှိသည့် အဓိကနှစ်ချက်သည် လူသားတိုင်း၏တာဝန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရေသည် ကမ္ဘာပေါ်ရှိ သက်ရှိ၊ သက်မဲ့အားလုံးတို့၏ မှီခိုအားထားရာဖြစ်သည်။ ရေကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ခေတ်မီတိုးတက်သောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေး အစရှိသည့်ကဏ္ဍများ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်"**ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့**"ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏ ရေကဏ္ဍများတိုးတက်စေရန်အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကျား၊ မတန်းတူပါဝင်မှသာလျှင် ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **www.dwirgov.mm**

**ပိုင်ဆု(ပညာရေး)**

# လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်




ရန်ကုန် မေ ၁

SHAN LAY Movie Production က ရိုက်ကူးထုတ်လုပ်သည့် လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ မေလ ဒုတိယပတ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ တင်အောင်ကျော်ထံမှ သိရသည်။

အဆိုပါ လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ယခုအခါ ပရိသတ်များ အွန်လိုင်းမှ လွယ်လင့်တကူ ထပ်မံကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar You Tube Channel မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိသားစု ဒရာမာအချစ်ဇာတ်လမ်းပုံစံ ရိုက်ချင်တာကြောင့် ကျွန်တော့်အနေနဲ့ ရင်ထဲကငိုကြွေးသံဇာတ်လမ်းတွဲနဲ့ လရောင်အောက်ကကုမုဒြာ ဇာတ်လမ်းတွဲနှစ်ခုကို ပုံစံမတူဘဲ ရိုက်ကူးပုံဖော်ခဲ့ပါတယ်။ လရောင်အောက်ကကုမုဒြာဇာတ်လမ်းတွဲထဲမှာ အမွေအနှောက် လေးတွေပါတယ်။ လောဘဇောတက်ကြရင် ကျေးဇူးရှင်ကို မကြံစည်သင့်တာ ကြံစည်မိတတ်တယ်။ လောဘရဲ့နောက်မှာ ကောင်းကျိုးတစ်ခုမှမရဘူးဆိုတာကို Message လေးပေးထားပါတယ်"ဟု ဒါရိုက်တာ တင်အောင်ကျော်က ပြောပြသည်။

လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကဗျာသစ်က ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လရောင်အောက်ကကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲတွင် ဟိန်းဝေယံ၊ ဒေါင်းဝေ၊ ကိုသက်၊ ကိုဖြိုး(Samui)၊ စိုးပြည့်သဇင်၊ မေသန်းနု၊ အထွယ့်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# The Spacesuit ဇာတ်ကားသစ်၌ လူးဝစ်ပူးမင်းနှင့် ဗင်နက်ဆာကာဘီတို့ ပါဝင်မည်

နယူးယောက် မေ ၁

The Spacesuit အမည်ရှိ အာကာသစွန့်စားခန်း ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား လူးဝစ်ပူးမင်းနှင့် မင်းသမီး ဗင်နက်ဆာကာဘီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

The Spacesuit ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ကစ်တီဂရင်းက Han Way Films ရုပ်ရှင်ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ကစ်တီဂရင်းကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

The Spacesuit ဇာတ်ကားသည် အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦး၏ အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Spacesuit ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ကစ်တီဂရင်းသည် The Assistant ဇာတ်ကားနှင့် The Royal Hotel ဇာတ်ကားများကို ရိုက်ကူးခဲ့သော သြစတြေးလျ အမျိုးသမီး ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ဟုန်းဟုန်းတောက်မယ့်ပရိမာချန်ပီယံ တေးဂီတဖျော်ဖြေပွဲကို တောင်ကြီးမြို့နယ်ရှိ အဝေရာမီးပုံးပျံကွင်းတွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် မေ ၁

တေးသံရှင်များနှင့် ပအိုဝ့်တိုင်းရင်းသား အဆိုတော်များ ပါဝင်သီဆိုဖျော်ဖြေမည့် ဟုန်းဟုန်းတောက်မယ့် ပရိမာချန်ပီယံ တေးဂီတဖျော်ဖြေပွဲကို မေ ၃ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အဝေရာမီးပုံးပျံကွင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟုန်းဟုန်းတောက်မယ့်ပရိမာချန်ပီယံ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဘိုဖြူ၊ ဖြိုးမြတ်အောင်၊ Snare၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်နှင့် ပအိုဝ့်တိုင်းရင်းသား အဆိုတော်များက ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတေးဂီတ ဖျော်ဖြေပွဲကို မြန်မာ့သြဘာအုပ်စုက စီစဉ်ပေးတာဖြစ်ပြီး ဝင်ကြေးအခမဲ့နဲ့ တောင်ကြီးက ပရိသတ်တွေ အားပါးတရ ကြည့်ရှုနားဆင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဂီတမောင်နှမတွေနဲ့အတူ ပအိုဝ့်ညီအစ်ကို မောင်နှမတွေကလဲ ပါဝင်ပြီး အားပါးတရသီဆိုကြမှာမို့ မေ ၃ ရက် ညမှာ အဝေရာမီးပုံးပျံကွင်းကိုလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် သီဆိုဖျော်ဖြေမည့် တေးသံရှင် ဖြိုးမြတ်အောင်က ပြောပြသည်။




ဟုန်းဟုန်းတောက်မယ့်ပရိမာချန်ပီယံ တေးဂီတဖျော်ဖြေပွဲကို အဝေရာမီးပုံးပျံကွင်းတွင် မေ ၃ ရက် ညနေ ၆ နာရီမှ စတင်ကာ သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# You Can't Leave ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု ပြီးဆုံးပြီဖြစ်

နယူးယောက် မေ ၁

You Can't Leave အမည်ရှိ သဘာဝလွန် လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု ပြီးဆုံးပြီဖြစ်ကြောင်း ဧပြီ ၃၀ ရက် သတင်းများအရ သိရသည်။

မင်းသား စပင်ဆာဘိုးမင်းနှင့် မင်းသမီး ပေါ်လာအန်ဒီနိုတို့ ပါဝင်သရုပ်ဆောင်ထားသည့်You Can't Leave ဇာတ်ကားကို တက္ကဆက်ပြည်နယ် ဒဲလပ်စ်မြို့၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

You Can't Leave ဇာတ်ကားကို ဒါရိုက်တာစကော့ဝင်းဟောဆာက တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားသည် ညီမဖြစ်သူ ထူးထူးဆန်းဆန်း ပျောက်ဆုံးခဲ့မှုကို ဖော်ထုတ်ရန် ကြိုးစားခဲ့သည့် လူငယ်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ယခုနှစ် အောက်တိုဘာလအတွင်း ပြည်တွင်းဈေးကွက်၌ စတင်ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

You Can't Leave ဇာတ်ကားကို နိုင်ငံတကာ ဒစ်ဂျစ်တယ်ဈေးကွက်၌ ယခုနှစ် နိုဝင်ဘာလတွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တေးသံရှင် ဖြိုးပြည့်စုံနှင့် ဂျူဝယ်တို့၏ နှလုံးသားချင်းနီးစပ်မယ့်ည တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Yangon Social Outdoor Area တွင် ပြုလုပ်မည်

ရန်ကုန် မေ ၁


တေးသံရှင် ဖြိုးပြည့်စုံနှင့် ဂျူဝယ်တို့၏ နှလုံးသားချင်းနီးစပ်မယ့်ည တေးဂီတဖျော်ဖြေပွဲကို မေ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social Outdoor Area ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံထံမှ သိရသည်။

တေးသံရှင် ဖြိုးပြည့်စုံနှင့် ဂျူဝယ်တို့၏ နှလုံးသားချင်းနီးစပ်မယ့်ည တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုကို Daily Gita Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နွေပူပူကိုနှုတ်ဆက်ရင်း လာမဲ့ မေ ၁၀ ရက်မှာ Yangon Social Outdoor Area မှာ ကျွန်တော်နဲ့ ဂျူဝယ်တို့က ပရိသတ်တွေရဲ့ ရင်ထဲမှာရှိနေပြီးသား တေးသီချင်းတွေကို တဝကြီးဖျော်ဖြေသွားမှာဖြစ်ပါတယ်။ အချစ်သီချင်း၊ အလွမ်းသီချင်းတွေကို အတူနားဆင်ခံစားရအုံးမှာမို့ ချစ်ရတဲ့သူတွေနဲ့ မမေ့နိုင်တဲ့ Music Night လေးကိုခံစားရမှာ ဖြစ်တာကြောင့် လာရောက်နားဆင်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

အဆိုပါ တေးသံရှင် ဖြိုးပြည့်စုံနှင့် ဂျူဝယ်တို့၏ နှလုံးသားချင်းနီးစပ်မယ့်ည တေးဂီတဖျော်ဖြေပွဲကို Yangon Social Outdoor Area တွင် မေ ၁၀ ရက် ည ၇ နာရီမှ စတင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH




# 43 more illegal Chinese immigrants arrested near Wanmai village, Kali town, Kunhein Township, Shan State (South)



43 Chinese nationals who illegally entered Myanmar arrested at a ferry crossing on the Thanlwin River near Wanmai Village, Kali Town, Kunhein Township.

**Nay Pyi Taw May 1**

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and cooperating and coordinating with governments of the neighbouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar at all. At the same time, the departmental combined teams from regions and states are also conducting detailed checks and proper supervision in launching anti-online scam and gambling and preventing foreigners from illegally entering and residing in Myanmar.

Acting on information that illegal immigrants had arrived at a Thanlwin river jetty near Wanmai village, Kali town, Kunhein Township, Shan State (South), combined teams comprising security forces, administrative bodies and departmental personnel checked the place, found and detained 43 illegal male Chinese immigrants at about 2 am today.

According to the initial confession of the detainees, they were running illegal online gambling in Tanyang Township, Shan State (North), and were arrested while trying to flee to China through jungle route as security forces were exposing and arresting the online scammers in the township.

The Myanmar government is dynamically launching coordinated anti-online scam and gambling operations and conducting legal investigation on any foreigner who is in Myanmar and is involved in the criminal activities. The government is transferring some of the suspects back to their countries in view of mutual friendship and on humanitarian grounds. It also detains the main suspects, extradite them back to the relevant government, and take severe action against them. 100

# Farmers grow more than 3,000 acres of summer sesame in Yinmabin District

**Yinmabin May 1**

The agricultural data of Sagaing Region Department of Agriculture indicated that local farmers have completed cultivation of more than 3,000 acres of summer sesame in Yinmabin District of Sagaing Region.

Local authorities set a plan to grow 3,673 acres of summer sesame in the district this year. In this regard, local farmers planted 2,379 acres of summer sesame, 888 acres in Salingyi Township and 237 acres in Pale Township, totalling 2,504 acres against the target cultivation.

"During this year's summer cropping season, a total of 3,673 acres of summer sesame have been targeted for cultivation in Yinmabin District. As of today, 3,504 acres have already been planted. Efforts are being made to meet the full target acreage. Measures are also being undertaken to expand sesame cultivation areas, improve yields, and promote cultivation using Good Agricultural Practices (GAP)," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For the 2025-2026 summer cropping season, the target acreage for summer sesame cultivation in Yinmabin District by township is 2,079 acres in Yinmabin Township, 803 acres in Kani Township, and 791 acres in Pale Township, totalling 3,673 acres.

This year, the relevant Township Departments of Agriculture in Yinmabin District have been providing awareness and support to sesame farmers to expand cultivation, apply proper cultivation techniques including GAP methods, use high-quality and pure seeds, and adopt high-yielding varieties.

Crops produced under the GAP system are known to have better quality and fetch higher prices compared to those grown using other methods. In addition to strong domestic market demand, they also have export potential. As a result, farmers adopting GAP practices can gain greater economic benefits and improve their socioeconomic conditions. 206

# All plantations of potato harvested in Sagaing Region

**Sagaing May 1**

Statistics of Sagaing Region Agriculture Department stated that local farmres harvested all plantations of potato in Sagaing Region.

In Sagaing Region, a total of 5,990 acres of potatoes were cultivated during the winter cropping season. Harvesting of these potato fields began in February this year, and as of today, all 5,990 acres have been fully harvested. The harvested areas include 651 acres in Mawlaik District, 837 acres in Tamu District, 319 acres in Kalay District, 125 acres in Khamti District, 360 acres in Homalin District, 407 acres in the Naga Self-Administered Zone, 1,753 acres in Shwebo District, 250 acres in Ye-U District, 202 acres in Sagaing District, 896 acres in Katha District, and 190 acres in Kawlin District. The average yield was reported at 4,513.53 viss per acre.

"In Sagaing Region, potatoes were cultivated on 5,990 acres. At present, all cultivated areas have been completely harvested. Although potato cultivation is not on a large scale in the region, it remains a commonly consumed crop, so the cultivation area is maintained at a steady level. There has not been significant expansion, and some supplies are imported from other areas, including potatoes from Shan State," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

In Sagaing Region, the Agriculture Department is supporting potato farmers to expand cultivation areas, use high-quality seeds, and adopt GAP (Good Agricultural Practices) methods.

The potato market in Sagaing Region is currently favorable. The cost of cultivating one acre of potatoes ranges between K800,000 and K900,000, and yields are reported at about 3,500 to 4,000 viss per acre. 206

# Kalay District sees completion of harvesting all lima bean

**Kalay May 1**

Kalay District Agriculture Department stated that local farmers have harvested all sown acreage of lima bean in Kalay District of Sagaing Region.

During the winter cropping season in Kalay District, a total of 1,128 acres of lima bean were cultivated. Harvesting of these lima bean fields began in January this year, and up to the present, 176 acres have been harvested in Kalewa Township and 952 acres in Mingin Township, totaling 1,128 acres harvested. The average yield exceeded 17 baskets per acre.

"In Kalay District, 1,128 acres of lima bean were cultivated during the winter cropping season. At present, all of the cultivated acreage has been fully harvested. During the cultivation period, necessary technical assistance, seeds, and pest and disease prevention methods were provided through field-level support," said U Aung, District Staff Officer of the Department of Agriculture in Kalay District.

In Kalay District, the Township Departments of Agriculture provided awareness and support to lima bean farmers to improve yields, ensure access to regionally suitable high-quality and pure seeds, apply correct cultivation methods, prevent pest infestations, and use fertilizers systematically.

This year, officials from relevant township Department of Agriculture cooperated with local farmers in providing necessary agricultural inputs, quality strains of crops and post-harvest technology in order to increase per-acre yield of crops with high quality. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Katha District finishes 100% harvest of black gram


The harvest of black gram in progress in a field.

**Katha May 1**

According to the district Department of Agriculture, local farmers harvested all plantations of black gram in Katha District of Sagaing Region.

During the winter cropping season in Katha District, a total of 1,065 acres of black gram were cultivated. Harvesting of these black gram fields began in January this year, and to date, 45 acres have been harvested in Katha Township and 1,020 acres in Htigyaing Township, bringing the total harvested area to 1,065 acres. The average yield was reported at 18.45 baskets per acre.

"In Katha District, only 1,065 acres of black gram were cultivated during the winter cropping season. At present, all of the cultivated acreage has been fully harvested. During the cultivation period, necessary technical assistance, quality seeds, and pest and disease control measures were provided through field-level support," said Daw Khin Myat Myat Oo, Head of the Department of Agriculture in Katha District.

In Katha District, the Township Department of Agriculture provided awareness and support to black gram farmers to ensure access to regionally suitable high-quality and pure seeds, correct cultivation methods, effective pest control, systematic use of fertilizers, and improved yields.

During this year's winter cropping season, for the cultivation of various pulses, the relevant Township Department of Agriculture cooperated with farmers by providing necessary quality seeds, agricultural inputs, and post-harvest technology support to improve both yield and quality of pulse crops.

206

# Farmers finish harvest of garden pea in Mawlaik District

**Mawlaik May 1**

Statistics of Mawlaik District of Department of Agriculture mentioned that local farmers have harvested all plantations of garden pea in Mawlaik District of Sagaing Region.

In Mawlaik District, during the winter cropping season, a total of 2,392 acres of garden pea were cultivated. Harvesting of these garden pea fields began in January this year, and as of today, harvesting has been completed on all 2,392 acres—471 acres in Mawlaik Township and 1,921 acres in Phaungpyin Township—with an average yield of 17.11 baskets per acre.

"During the winter cropping season in Mawlaik District, 2,392 acres of garden pea were cultivated in order to increase the production of pulses and ensure food sufficiency. At present, all of the cultivated garden pea fields have been fully harvested. As garden pea is widely consumed domestically, it has a stable market, and farmers are doing well," said Daw Kywe Kywe Hlaing, Head of the District Agriculture Department in Mawlaik District.

In Mawlaik District, the Township Agriculture Department provided support and awareness to garden pea farmers to achieve better yields, including access to high-quality and regionally suitable seeds, correct cultivation techniques, pest control, and the systematic use of fertilizers.

During this year's winter cropping season, the relevant Township Agriculture Departments also worked in coordination with farmers to supply quality seeds, necessary inputs, and post-harvest technologies to improve both yield and quality of pulse crops.

206

# More than 4,000 acres of summer paddy planted in Sagaing Township

**Sagaing May 1**

Statistics of the Department of Agriculture in Sagaing Township stated that local farmers have so far planted more than 4,000 acres of summer paddy in Sagaing Township of Sagaing Region.

Local authorities earmarked cultivation of 4,350 acres of summer paddy in Sagaing Township in 2025-26 summer crop cultivation season but local farmers have panted 4,269 acres of summer paddy against the target cultivation since January this year.

"In Sagaing Township, during this year's summer cropping season, 4,350 acres of summer paddy were targeted for cultivation, of which 4,269 acres have already been planted. Efforts are being made to meet the full target acreage. Summer paddy farmers are being provided with agricultural technical guidance, awareness on pest prevention, measures to avoid crop losses, and advice to ensure that harvested paddy is transported under shelter in a timely manner," said U Myo Thant Aung, Head of the Department of Agriculture in Sagaing Township.

In Sagaing Township, to help summer paddy farmers increase yield per acre and achieve target yields, the distribution of quality and pure seeds, dissemination of technical pamphlets, farmer training courses and educational talks, and timely provision of necessary agricultural inputs are being carried out.

Farmers are also being urged to make advance preparations in coordination with the Department of Agriculture, including following issued guidelines on crop pest and disease prevention, undertaking soil nutrient management activities, and collecting quality seeds in advance, in order to ensure timely cultivation of summer paddy and other crops after the harvest of monsoon paddy and other seasonal crops.

206

# Trump weighs to cut U.S. troops in at least 3 European nations

**Washington May 1**

U.S. President Donald Trump said Thursday he may reduce U.S. military presence in Spain and Italy, one day after he announced that his administration is assessing a possible cut of troops in Germany.

"Yeah, probably will," Trump told reporters at the White House when asked about the possible reduction.

"Why shouldn't I? Italy has not been of any help. Spain has been horrible. Absolutely," said Trump, again slamming European allies for not helping in the U.S.-Israeli war against Iran.

Trump again criticized German Chancellor Friedrich Merz, claiming Merz "is doing a terrible job." Earlier this week, Merz said the United States is "being humiliated" by Iran.

In a post on Truth Social on Wednesday, Trump said the United States is considering the possible reduction of troops in Germany, and the decision will be made with a determination "over the next short period of time."

Also on Wednesday, Merz sought to downplay his row with Trump, saying that his personal relationship with the U.S. president remains good, calling for a swift resolution to the conflicts in Iran as Germany and Europe are suffering considerably from the consequences of the conflicts.

Xinhua

# UN chief warns of severe consequences of prolonged Hormuz closure

**United Nations May 1**

UN Secretary-General Antonio Guterres on Thursday warned of devastating consequences of prolonged disruptions in the Strait of Hormuz.

In a press encounter, Guterres offered three scenarios. In the worst-case scenario where the strait remained closed until the end of the year, global inflation would skyrocket past 6 percent, and growth would plummet to 2 percent.

"Immense suffering takes hold, especially among the world's most vulnerable populations. And we confront the specter of a global recession, with dramatic impacts on people, on the economy, and on political and social stability," he warned.

Guterres said these consequences are not cumulative but exponential. The longer this vital artery is choked, the harder it will be to reverse the damage and the higher the cost to humanity.

Even in the best-case scenario, "where restrictions are lifted today," supply chains will take months to recover, prolonging lower economic output and higher prices, he warned.

According to the UN chief, in that scenario, this year's global economic growth would still drop from 3.4 to 3.1 percent. Global inflation, which had been declining, would climb from 3.8 to 4.4 percent. Global merchandise trade growth would shrink from 4.7 percent last year to roughly 2 percent, with some meaningful supply chain interruptions.

In a second scenario, where disruption drags on through midyear, global economic growth would fall to 2.5 percent. Inflation would rise to 5.4 percent. Some 32 million more people would be pushed into poverty and 45 million more people would face extreme hunger, he said.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေးက Iron Dome စနစ်ကို ယူအေအီးတွင် ပထမဆုံးအကြိမ် ဖြန့်ကြက်ထား



အစ္စရေးနိုင်ငံသည် တိုက်ပွဲအတွင်း စွမ်းဆောင်ရည် ထက်မြက်ကြောင်း သက်သေပြပြီးဖြစ်သည့် Iron Dome လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အာရပ်စော်ဘွားများပြည်နယ် (UAE)သို့ ပထမဆုံးအကြိမ် စစ်ရေးအရဖြန့်ကြက်ထားကြောင်း Army Recognition သတင်းဌာနက ၂၀၂၆ ခုနှစ် ဧပြီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူအေအီးတွင် ဖြန့်ကြက်ခဲ့သည့် Iron Dome စနစ်တွင် Tamir ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များနှင့်အတူ အတွေ့အကြုံရှိ အစ္စရေးစစ်သည်များ ပါဝင်ပြီး အီရန်၏ ဒုံးကျည် ၅၅၀ နှင့် ဒရုန်း ၂၂၀၀ ကျော်ဖြင့် အပြင်းအထန်တိုက်ခိုက်မှုအတွင်း ပစ်မှတ်ပေါင်းများစွာကို အောင်မြင်စွာ ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည်။ ၎င်းစနစ်တွင် အကွာအဝေး ကီလိုမီတာ ၇၀ ထိ ပစ်မှတ်များကို ခြေရာခံနိုင်သည့် EL/M-2084 ဘက်စုံသုံး ရေဒါစနစ်ပါဝင်ပြီး ရန်သူ့ဒုံးကျည်များ၏ ကျရောက်မည့်လမ်းကြောင်းကို တွက်ချက်ကာ အရေးကြီးသည့် လေတပ်စခန်းများ၊ ဆိပ်ကမ်းများနှင့် လူနေရပ်ကွက်များသို့ ကျရောက်မည့် ဒုံးကျည်များကိုသာ ရွေးချယ်ပစ်ခတ်သည့်စနစ်ကို အသုံးပြုထားသည်။

ယူအေအီးတွင် THAAD နှင့် Patriot ကဲ့သို့သော တာဝေးပစ်နှင့် တာလတ်ပစ် ဒုံးကျည်စနစ်များရှိသော်လည်း အီရန်၏ အရေအတွက် အမြောက်အမြားဖြင့် တိုက်ခိုက်သည့် နည်းဗျူဟာကို ရင်ဆိုင်ရန် Iron Dome ကဲ့သို့သော ကုန်ကျစရိတ်သက်သာပြီး တုံ့ပြန်မှုမြန်ဆန်သည့် တာတိုပစ်စနစ်မှာ အလွန်အရေးပါသော ဖြည့်စွက်ချက်ဖြစ်လာသည်။ အထူးသဖြင့် ကုန်ကျစရိတ်ကြီးမားသည့် THAAD ဒုံးကျည်များကို ပိုမိုအဆင့်မြင့်သော ပစ်မှတ်များအတွက် ချန်လှပ်ထားနိုင်ပြီး အရေအတွက်များပြားသည့် တာတိုပစ်ဒုံးကျည်နှင့် ဒရုန်းများကိုမူ Iron Dome စနစ်က ကုန်ကျစရိတ်သက်သာစွာဖြင့် ကြားဖြတ်တိုက်ခိုက်ပေးနိုင်သောကြောင့် ခံစစ်စွမ်းရည်ကို ပိုမိုကြာရှည်စေသည်။

ယခုကဲ့သို့ အစ္စရေးက မိမိနိုင်ငံအတွင်း စစ်ပွဲဖြစ်ပွားနေသည့်တိုင် ရှားပါးစစ်လက်နက်ပစ္စည်းကို ပြည်ပသို့ ပထမဆုံးအကြိမ် ထုတ်နှုတ် ဖြန့်ကြက်ပေးခဲ့ခြင်းမှာ အစ္စရေး- ယူအေအီး လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုသည် သံတမန်ရေးရာအဆင့်ထက်ကျော်လွန်၍ တိုက်ပွဲအတွင်း လက်တွေ့ ပူးပေါင်းဆောင်ရွက်သည့် အဆင့်သို့ ရောက်ရှိသွားခြင်းကို ပြသနေသည်။ အစ္စရေးစစ်သည်များက အာရပ်မြေပေါ်တွင် တိုက်ရိုက်ထိန်းချုပ်မောင်းနှင်နေသည့် ဤဖြစ်ရပ်သည် အနာဂတ်တွင် အီရန်၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ရန် အစ္စရေး၊ အမေရိကန်နှင့် အာရပ်မဟာမိတ်များအကြား စစ်ဘက်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု၏ အရေးပါသော အလှည့်အပြောင်းတစ်ခုဖြစ်လာကြောင်း သိရသည်။

ယူအေအီးနိုင်ငံ၏ အဓိကစီးပွားရေးဗဟိုချက်များဖြစ်သော အဘူဒါဘီ၊ ဒူဘိုင်းနှင့် အရေးကြီးစွမ်းအင်အခြေခံအဆောက်အအုံများသည် အီရန်နှင့် နီးကပ်စွာ တည်ရှိနေသောကြောင့် ကြိုတင်သတိပေးချိန် အလွန်နည်းပါးလှသည်။ ဒရုန်းအနည်းငယ်မျှ ဖောက်ထွက်ဝင်ရောက်လာရုံဖြင့် နိုင်ငံတကာကုန်သွယ်မှု၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးယုံကြည်မှုကို ထိခိုက်စေနိုင်သည်။

ထို့ကြောင့် Iron Dome ကို ဖြန့်ကြက်ခြင်းသည် လေပိုင်နက်ကို ကာကွယ်ရုံသာမက နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် အရပ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရာတွင်လည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။

**Israel Deployed Iron Dome Battery in UAE in First Combat Use to Intercept Iranian Missiles and Drones.** ကို ဘာသာပြန်ဆို ထားပါသည်။

## အမေရိကန်နိုင်ငံက အင်ဒို-ပစိဖိတ်ကာကွယ်ရေးအသုံးစရိတ်ကို ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံ သုံးစွဲမည်

အမေရိကန်နိုင်ငံသည် အင်ဒို-ပစိဖိတ် ကာကွယ်ရေး အသုံးစရိတ်များကို အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။ အထူးသဖြင့် ပစိဖိတ် အနောက်ဘက်ခြမ်းတွင် ရှေ့တန်းရောက်တိုက်ခိုက်ရေးတပ်ဖွဲ့များ ပိုမိုအားကောင်းစေရန်နှင့် မဟာဗျူဟာမြောက် ရေလမ်းကြောင်းများတွင် ရန်သူ့လှုပ်ရှားမှုများကို ဟန့်တားနိုင်စွမ်းမြှင့်တင်ရန် ဦးစားပေးဆောင်ရွက်လာခြင်းဖြစ်သည်။

အမေရိကန် စစ်ဘက်၏ ၂၀၂၇ ဘဏ္ဍာနှစ်အတွက် တင်ပြထားသော စုစုပေါင်း ကာကွယ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ထရီလီယံထိရှိနေပြီး ၎င်းသည် ၂၀၂၆ ဘဏ္ဍာနှစ်ထက် ၄၄ ရာခိုင်နှုန်းခန့် (ဒေါ်လာ ၄၄၀ ဒသမ ၉ ဘီလီယံ) တိုးလာခြင်းဖြစ်သည်။

အဆိုပါဘတ်ဂျက်တွင် အင်ဒို-ပစိဖိတ် ဒေသတွင်း စစ်ဆင်ရေးလိုအပ်ချက်များအတွက် ရှေ့တန်းကျကျ ဖြန့်ကြက်မှုများ၊ ဟန့်တားရေးစနစ်များနှင့် ရေရှည်စစ်ပွဲများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်မြှင့်တင်ရန် ဦးစားပေးလျာထားခြင်းဖြစ်သည်။

ပစိဖိတ်ဟန့်တားရေး အစီအစဉ် (Pacific Deterrence Initiative - PDI) အတွက် ၂၀၂၇ ဘဏ္ဍာနှစ်တွင် လျာထားသော အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံသည် ပြီးခဲ့သည့်နှစ်ထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ပိုမိုများပြားလာခြင်းဖြစ်သည်။ ၎င်းအသုံးစရိတ်များအနက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကို လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း၊ ဆိုက်ဘာနှင့် အာကာသနယ်ပယ်စုံ ပေါင်းစပ်စစ်ဆင်ရေးလေ့ကျင့်မှုများ၊ လက်တွေ့စမ်းသပ်မှုများအတွက် အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ရန်သူ့ဒုံးကျည် ခြိမ်းခြောက်မှုများအောက်တွင် ကြံ့ကြံ့ခံနိုင်မည့် လေယာဉ်ကွင်းများ၊ လောင်စာဆီသိုလှောင်ရုံများနှင့် ခဲယမ်းတိုက်များကဲ့သို့သော အခြေခံအဆောက်အအုံ တည်ဆောက်မှုကဏ္ဍများအတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကို အားဖြည့်လျာထားခြင်းဖြင့် ဒေသတွင်းစစ်ဆင်ရေးများ၏ ကြံ့ခိုင်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

ရှေ့တန်းကျကျ ဖြန့်ကြက်မှုကဏ္ဍအတွက်မူ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကို ခွဲဝေချထားပြီး ရေတပ်တိုက်ခိုက်ရေးအုပ်စုများ၊ လေတပ်အုပ်စုများနှင့် မြေပြင်တပ်ဖွဲ့များကို အလှည့်ကျဖြန့်ကြက်ချထားခြင်းဖြင့် ဒေသတွင်း ဟန့်တားမှုစွမ်းရည်ကို တိုးမြှင့်သွားမည်ဖြစ်သည်။ ထောက်ပံ့ပို့ဆောင်ရေးနှင့် ခဲယမ်းလက်နက်များအတွက် အမေရိ





ကန်ဒေါ်လာ သုည ဒသမ ၅ ဘီလီယံကို အသုံးပြု၍ အရေးပေါ်အခြေအနေများတွင် လိုအပ်မည့် ခဲယမ်းနှင့် ရိက္ခာများကို ကြိုတင် စုဆောင်းထားရှိမည်ဖြစ်သလို၊ ဒေသတွင်းမဟာမိတ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အမေရိကန် ဒေါ်လာ သုည ဒသမ ၆ ဘီလီယံနှင့် အခြားသော နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်မှုများအတွက် အမေရိကန် ဒေါ်လာ သုည ဒသမ ၃ ဘီလီယံကိုလည်း ထည့်သွင်းလျာထားကြောင်း သိရသည်။

ရေရှည်တိုက်ပွဲများကို ရင်ဆိုင်နိုင်ရန်အတွက် အမေရိကန်သည် စက်မှုအခြေခံ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အမေရိကန် ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့ပြင် ဆိုက်ဘာလုံခြုံရေးအတွက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ ဘီလီယံ၊ အာကာသစစ်ဆင်ရေးစွမ်းရည်များအတွက် အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၇ ဘီလီယံနှင့် ဒရုန်းကာကွယ်ရေးစနစ်များအတွက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**US boosts Indo-Pacific defense spending by $11.7 billion as China's military grows.** ကို ဘာသာပြန်ဆို ထားပါသည်။

**မင်းမျိုး**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကောလင်း မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၂၅၇၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပန်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၇၂၆၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၈၂၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၆၈၂ ဧက စုစုပေါင်း ၂၅၇၇၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၇၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပန်းနှမ်း ၂၅၇၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပန်းနှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပန်းနှမ်းစိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းနှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဧပြီလတတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိမှာ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။



ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ကွမ်းရွက်တွေ အရောင်းအဝယ်ကောင်းလာတော့ ကွမ်းစိုက်တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု ဓနုဖြူမြို့နယ် ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ အခြားဒေသများသို့တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝေါမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝေါ မေ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာ၌ ဧကာဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းမွေ့ရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်ရန်ပုံငွေကျပ် သိန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ကိုညီ




# အင်္ဂပူမြို့နယ် စစ်ကွင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ကော်မတီဖွဲ့စည်း



အင်္ဂပူ မေ ၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်ကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီများ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းဖြေကြားပြီး၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ကွင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံသာ



ရှေ့ဖုံးမှအဆက်



ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်စေရန်နှင့် ပြည်သူလူထု၏ဆန္ဒများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ယနေ့ခေတ်ကာလ အချိန်အခါနှင့် ကိုက်ညီမှု ရှိမရှိ၊ ပြင်ဆင်ဖြည့်စွက်ရန် လို၊မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို၊ မလိုနှင့် ပြည်သူများကို ကာကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်၊မဟုတ်တို့ကို စိစစ်ဆောင်ရွက်ရမည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များကလည်း ပြည်သူလူထု၏ဆန္ဒများကို အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိထားရန်လိုအပ်ပါကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သော ကိစ္စရပ်များနှင့် ပြည်သူလူထု၏ လိုလားချက်များကို အနီးစပ်ဆုံးဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းများဖွင့်လှစ်၍ လူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဒေသခံပြည်သူများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာ လိုအပ်ချက်များကို နားထောင်၍ တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေရှိ ပညာရှင်များ၊ ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပြည်သူလူထုသိရှိနားလည်ယုံကြည်မှုရှိလာစေရန် လွှတ်တော်က ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်တွင် လွှတ်တော်နှင့် အစိုးရအဖွဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဒေသအတွင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းများ ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ယူစဉ်အချိန်တွင်း ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကဏ္ဍကို မြင့်မားစေလိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါစေရေးအတွက် ကိုယ်စားလှယ်များအနေဖြင့် အရည်အသွေး၊ အရည်အချင်းများ ပြည့်စုံစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ဥဿာရတနာခန်းမ၌ ပဲခူးမြို့မှ မြို့မိမြို့ဖများ၊ ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှုစနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှုစနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဆက်သွယ်ရေးကုမ္ပဏီများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရေးကုမ္ပဏီများ ပူးပေါင်း၍ ဆောင်ရွက်ရန်၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည့် ပြည်လမ်းတစ်လျှောက်(Under Ground Cable Net-work) ချိတ်ဆက်မှုများသည် ကောင်းမွန်သဖြင့် ကမ္ဘာအေးဘုရားလမ်း၊ ဝေဇယန္တာလမ်းတစ်လျှောက် စီမံချက်အတိုင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်၍ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက် အကောင်အထည်ဖော်ရာတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက်တိုးချဲ့တည်ဆောက်ရေးပေါင်းစပ်ညှိနှိုင်းကော်မတီနှင့် ခရိုင်အဆင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ဖယ်ရှားရှင်းလင်းရေးအဖွဲ့များက စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအစိုးရ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနများက လိုအပ်သလိုပူးပေါင်းဆောင်ရွက်ရန်၊ ဆက်သွယ်ရေးအော်ပရေတာ လေးဦးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် ဆောင်ရွက်မှုအားလုံးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်၊ လက်ရှိနိုင်ငံတကာတွင် သက်ရောက်မှုကြီးမားနေသည့် လောင်စာဆီအကျပ်အတည်းဖြစ်ပေါ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရေးအတွက် အော်ပရေတာအချင်းချင်း အရင်းအမြစ်များကို မျှဝေအသုံးပြုခြင်းဖြင့် ကွန်ရက်စနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ပေါ်တွင် မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်မဝင်ရသောလမ်းများ၌ စည်းကမ်းမဲ့စွာဝင်ရောက်နေသော မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်များကို စည်းကမ်းတကျရှိစေရေး ဆောင်ရွက်ရန်၊ အိပ်ဇောဖွင့်မော်တော်ယာဉ်များ၊ အုပ်စုဖွဲ့၍ပြိုင်ကားပုံစံမောင်းနှင်မှုများ၊ ယာဉ်ရပ်နားခွင့်မပြုသော နေရာများတွင် ရပ်နားထားသောယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်စသည်တို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများစနစ်တကျသွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှုစနစ်တကျရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အော်ပရေတာများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများကလုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးရှင်းလင်းတင်ပြကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာနိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲမင်္ဂလာအခမ်းအနား ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲ မင်္ဂလာအခမ်းအနား ဒုတိယ နေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာ တော်များကြွရောက်တော်မူကြပြီး သာသနာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ် မြတ်တို့အား ပူဇော်သောအားဖြင့် နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဓမ္မိကာရာမကျောင်း တိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယက အခမ်းအနား သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်း ဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသေဋ္ဌ ဉာဏာလင်္ကာရတို့က သုတ္တန္တပိဋကတ်တော် ကို သင်္ဂါယနာအမေးအဖြေပြုလုပ်ပြီး သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင် ရွတ်ဆိုပူဇော်ကြသည်။



ထို့နောက် စာတမ်းဖတ်ပွဲ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရွှေဘိုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဩဝါဒ ကထာမိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ သဘာပတိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် လှုရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါ ဘိဝံသက စာတမ်းများနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေတုက "မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ သင်္ဂါယနာတင်သမိုင်း"စာတမ်းကို လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ် ကျောင်းတိုက် မော်ကျွန်းဆရာတော် တိပိ ဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာ ဘိဝံသက "ကမ္ဘာပေါ်တွင် ပညာဉာဏ် အရည်အချင်းစစ် အရှည်ကြာဆုံးစာမေးပွဲ (တိပိဋကဓရ တိပိဋကကောဝိဒ)" စာတမ်း ကိုလည်းကောင်း ဖတ်ကြားကြပြီး သာသနာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင် ဆရာတော်များက ပြန်လည်ဖြေကြား ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ စာတမ်းဖတ်ပွဲ သဘာပတိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ နေနတ်သားဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက ဩဝါဒ ကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မန္တလေးမြို့ မြတောင် ပရိယတ္တိစာသင်တိုက် တိုင်းကြည်အဘိဝံသ ကျောင်း ပညာရေးဗဟိုအဖွဲ့ခွဲ ဥက္ကဋ္ဌ (ဓမ္မာစရိယ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမီဘိဝံသက "ပိဋကတ်တော် ဆောင် သံဃာရတနာများပွင့်ထွန်းရာမြေ" စာတမ်းကိုဖတ်ကြားပြီး သီရိလင်္ကာနိုင်ငံ အမရပူရနိကာယ မဟာနာယကဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တကရန်ဂေါဓဥယျမ်ဂေါဓ မိဿရိမာသီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံဃ နာယကအဖွဲ့ဝင် ဘဒ္ဒန္တခေမာစာရတို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်း ထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမုဒက "ဆဋ္ဌသင်္ဂါယနာ တင် ပါဠိရှိမန်ကျောက်စာတင်ခြင်းနှင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာခဲစာလုံးမူမှ ကွန်ပျူတာမူသို့"စာတမ်းကို ဖတ်ကြားပြီး ဆရာတော်များနှင့် တက်ရောက်လာကြသူ များက သိလိုသည်များ မေးမြန်းလျှောက် ထားကြရာ စာတမ်းရှင်ဆရာတော်က ပြန်လည်ဖြေကြားပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက AI နည်းပညာ နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဖြေကြားတော် မူသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ မဟာ ယာနဆရာတော် ဘဒ္ဒန္တသစ်ကွမ်ဘာ၊ သီရိ လင်္ကာနိုင်ငံမှ ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ မေဓဂမိတိရေ ဝိဇိတဓမ္မနှင့် ကမ္ဘောဒီးယား နိုင်ငံမှ ဒေါက်တာ ယွန်ဆင်ယိတ်တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခက "ပိဋကသုံးပုံနှင့် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ"စာတမ်းကို ဖတ်ကြား ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံ

ရန်ကုန် မေ ၁

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် သည် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းနှင့် အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ရုံးတို့ကိုသွားရောက်၍ တာဝန်ထမ်းဆောင် နေ သည့်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ အစည်းအဝေးခန်းမ၌ ဝန်ထမ်း များနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့် လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားကြရန် လိုအပ်ပါ ကြောင်း၊တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိ ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေး ထား၍ ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်း ဆောင်ရွက် ချက်များကို အလေးထားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံ ငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ မှန်ကန်စွာသုံးစွဲကြရန်၊ ရုံးနှင့် တိုင်းရင်းသား ရိုးရာအိမ်များ၏ ဥပဓိရုပ်ကောင်းမွန်စေ ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာဖွံ့ဖြိုး တိုးတက်စေရေးဝန်ထမ်းအားလုံး စည်းလုံး ညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးက တိုင်းရင်းသားရေးရာကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတာဝန် ယူကြီးကြပ်သူ ညွှန်ကြားရေးမှူး က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး တိုင်းရင်းသားရိုးရာအိမ် များနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိ သည့် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံနိုင်ရေးလုပ်ငန်းများ အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေး မှူးရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တိုင်းရင်း သားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဆန်းသစ်တီထွင်မှုသည် ရိုးရာကိုမကျော်လွန် စေရေးမှာ အရေးကြီးသဖြင့် အထူးသတိပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ ရက် ၁၀၀ ကာလအတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေး မှုထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းများ၊ ရိုးရာယဉ်ကျေးမှုပွဲတော် အခမ်းအနားများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ် ပွဲများ၊ လေ့လာရေးခရီးစဉ်များ၊ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးအသိပညာပေးဟောပြော ပွဲများ၊ တိုင်းရင်းသားဒေသများ အရောက် ဆောင်ရွက်လျက်ရှိသည့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို အရှိန်အဟုန် ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရက် ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးရုံးဝင်းရှိ ခြံစည်းရိုး အဟောင်းဖြိုဖျက်၍ ခြံစည်းရိုးအသစ် ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားတက်ရောက်




ရန်ကုန် မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်း သားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး နှင့် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ် သမားရေးရာအဖွဲ့ချုပ် (CTUM) မှ အလုပ် သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ် ရုံများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စား လှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည် ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမားဝန်ကြီး ဌာန၏ အလုပ်သမားရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို Video Clip ဖြင့် ပြသပြီး အလုပ်သမားကိုယ်စားလှယ် တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ် တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ် သမားနေ့နှင့်စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုခြင်းကျင်းပြသ ထားသည့် အလုပ်သမားရေးရာလုပ်ငန်း ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ များကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများသည် ရန်ကင်းမြို့နယ် ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်း ကျောင်း(ရန်ကင်း)သို့ သွားရောက်၍ သင်တန်းကျောင်း အစည်းအဝေးခန်းမ တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလုပ် သမားဆေးရုံကြီး(ထန်းတပင်)သို့ သုခစုစံ ကုမ္ပဏီလီမိတက်က လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ ကို လက်ခံ ကာ ဂုဏ်ပြုကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သည် သင်တန်းကျောင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် လုပ်သားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်း များဖြစ်စေရေး၊ သင်တန်းသားများ အမှန်တကယ် ကျွမ်းကျင်မှုရှိစေရန်၊ ထိရောက်ပြီးလက်တွေ့ကျသည့်သင်တန်း များနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် သင်တန်းများဖြစ်စေရေး၊ သင်တန်းသား များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမှ ကာကွယ်ထိန်းသိမ်းနိုင်သည့် Green Skills, Green Jobs သဘောတရားများ သိရှိနားလည်စေရေး၊ နည်းပညာ ကျွမ်းကျင်မှုများမှသည် စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေ ရေးတို့အတွက် ကျွမ်းကျင်မှုသင်တန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များကို စီမံချက်များ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဟာဗန္ဓုလပန်းခြံ လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံ ရေးရုံးတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဝန်ထမ်းများ၊ တာဝန်ခံဆရာဝန် များနှင့်တွေ့ဆုံ၍ အာမခံအလုပ်သမားများ အတွက် ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင် စေရေးနှင့် တစ်မျိုးသားလုံး အကျိုးဝင် လွှမ်းခြုံသည့် စီမံကိန်းဖြစ်စေရန်တို့ အတွက် လူမှုဖူလုံရေးအဖွဲ့က ဝန်ဆောင်မှု ပေးနေသည့် ကျန်းမာရေးစောင့်ရှောက် မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို လျင်လျင်မြန်မြန် ကြိုးပမ်းဆောင်ရွက် ကြရန်မှာကြားပြီးအဆိုပါနေရာတွင် ဖွင့်လှစ် ထားသည့် လူမှုဖူလုံရေးကဲဝဲလ်-ဆေးခန်း သို့သွားရောက်၍ ဆေးကုသဝန်ဆောင်မှု ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



❑ ရထားခရီးစဉ်စတင်ပြေးဆွဲမှု

ခေတ်မီလေအေး ပေးစက်ပါ DEMU တွဲ ဆိုင်းများဖြင့် ယနေ့မှစ၍ စတင်ပြေးဆွဲ ပေးသည်။

ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁) တွင် အမှတ်(၅)အဆန် ရန်ကုန်-မန္တလေး ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်းအခမ်း အနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသ ကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်း များ၊ ဧည့်သည်တော်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်တို့က ပြေးဆွဲမည့် ရထားတွဲ ဆိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် မန္တလေးသို့ စီးနင်း လိုက်ပါကြမည့် ခရီးသည်များကို လိုက်လံ နှုတ်ဆက်ပြီး အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ကာ နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာသည်။

အလားတူ ယနေ့နံနက်ပိုင်းက မန္တလေး ဘူတာကြီး အမှတ်(၁)စင်္ကြံတွင် အမှတ်(၆) အစုန် မန္တလေး-ရန်ကုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား ခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနား ကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသ ကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့ မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြေးဆွဲမည့်ရထားတွဲ ဆိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေး နံ့သာရည်များပက်ဖျန်းပေးကာ ရန်ကုန် သို့စီးနင်းလိုက်ပါမည့် ခရီးသည် များကို လိုက်လံနှုတ်ဆက်၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများသည် နေပြည်တော် ဘူတာ ကြီး၌ မန္တလေးမှထွက်ခွာ ဆိုက်ရောက် လာသော အမှတ်(၆) အစုန်ခေတ်မီ DEMU ရထားခရီးစဉ်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များကိုလည်းကောင်း၊ ရန်ကုန် မှထွက်ခွာဆိုက်ရောက်လာသောအမှတ်(၅) အဆန် ခေတ်မီ DEMU ရထားခရီးစဉ်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များကို လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြပြီး နေပြည်တော်မှ ရန်ကုန်နှင့် မန္တလေးသို့ စီးနင်းလိုက်ပါမည့် ခရီးသည်များ ကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ အမှတ်(၅)အဆန်၊ (၆)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား တွဲဆိုင်းတွင် ပထမတန်း လေးတွဲ၊ အထက် တန်း နှစ်တွဲ စုစုပေါင်း တွဲ ခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ် အစအဆုံး တစ်ဦးလျှင် ပထမတန်း ၃၄၀၀၀ ကျပ်နှင့် အထက်တန်း ၄၈၀၀၀ ကျပ်နှုန်း ကျသင့်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာ စုစုပေါင်း ကိုးဘူတာ ရပ်တန့်ပေးမည်ဖြစ်ပြီး အမှတ် (၅) အဆန် DEMU လူစီးအမြန်ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးသို့ ညနေ ၄ နာရီတွင်လည်း ကောင်း၊ အမှတ်(၆)အစုန် DEMU လူစီး အမြန်ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ရာ ရထားပြေးဆွဲချိန် ၁၀ နာရီသာကြာမြင့်မည်ဖြစ်သည်။

မြန်မာ့မီးရထားသည် ယခုတိုးချဲ့ ပြေးဆွဲပေးသည့် ရထားခရီးစဉ်များအပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲ ပေးနေသည့် အမှတ် (၁၁)အဆန်၊ (၁၂) အစုန် လူစီးအမြန်ရထားခရီးစဉ်များ ကိုလည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ယခင်က ရန်ကုန်မှ မန္တလေးထိ ပြေးဆွဲချိန် စုစုပေါင်း ၁၉ နာရီခန့် ကြာမြင့်ခဲ့သော် လည်း ယခုအခါ လမ်းပိုင်းများ ပိုမိုကောင်း မွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက် ခေါင်း၊ တွဲဆိုင်းများ အသုံးပြုလာနိုင်ပြီ ဖြစ်၍ ရထားအမြန်နှုန်းတိုးမြှင့်လိုက် သဖြင့် ရန်ကုန် - မန္တလေးခရီးစဉ်တွင် စုစုပေါင်းပြေးဆွဲချိန် ၁၀ နာရီခန့်ဖြင့် သိသာစွာ လျှော့ချပေးနိုင်ခဲ့ပြီး ရထားစီး ခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့ စေရေး အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဝဇီရာရုပ်ရှင်ရုံရှင်းလင်းဆောင်၌ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်နေမှုလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံနေမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံသည် ရုပ်ရှင်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ အနုပညာရပ်များ ဆုံစည်းရာနေရာဖြစ်လာမည်ဖြစ်သဖြင့် ရေရှည်လည်ပတ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရှေးဟောင်းအမွေအနှစ် ရုပ်ရှင်ရုံဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ရုပ်ရှင်ရုံပြုပြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ လာရောက်ကြည့်ရှုစဉ် လမ်းညွှန်မှာကြားချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို အပိုင်းလိုက်ပြုပြင်ပြီးစီးမှုများ၊ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝဇီရာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် မြန်မာ့မီးရထားဝင်းအတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ရုံများ၌ ရုံတင်ခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၊ အွန်လိုင်းရုပ်ရှင်ဇာတ်ကားများ၊ ရုပ်သံလိုင်းများက ထုတ်လွှင့်ပြသသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကား၊ မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများကို ပြဋ္ဌာန်းထားသည့် ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ပြသနိုင်ရန် ဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း ဇာတ်ကားများ စိစစ်ကြည့်ရှုစစ်ဆေးပေးရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် မိမိ၏အတွေ့အကြုံ၊ ဉာဏ်ပညာနှင့် မိမိတို့၏ ကိုယ်ပိုင်အချိန်များစွာကိုပေးပြီး အနစ်နာခံဆောင်ရွက်ပေးသည်ကို ကြားသိရသည့်အတွက် ဆင်ဆာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ပါကြောင်း။

ရုံတင်ပြသသည့် မြန်မာ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ ပြသခြင်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ Content Provider များသည် ပြည်သူကို ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့်တာဝန်များကိုမျှဝေလုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့်တီထွင်ကြံဆဖန်တီးရသည့် ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသော ဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သော အနုပညာဖန်တီးမှုဖြစ်သွားနိုင်သဖြင့် မူလဖန်တီးထုတ်လုပ်သည့် အနုပညာရှင်များက သတိဝီရိယကြီးစွာဖြင့်ဆောင်ရွက်ရန်လိုအပ်ပြီး ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း စိစစ်အကဲဖြတ်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆင်ဆာအဖွဲ့ဝင်များကိုယ်စား အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် တက်ရောက်လာသူများက ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ မော်ကွန်းရုပ်ရှင်သို့ သွားရောက်၍ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် ရုပ်ရှင်သင်တန်းများ ဖွင့်လှစ်မည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား မော်ကွန်းရုပ်ရှင် အစည်းအဝေးခန်းမ၌ Forever Group ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Forver Group မှ ဆောင်ရွက်နေသည့် ရုပ်သံလိုင်းများ၊ သင်တန်းကျောင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မော်ကွန်းရုပ်ရှင်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

မန္တလေး မေ ၁

မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ Video Clip ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်




## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြန်မာနိုင်ငံတွင် မေ ၆ ရက်ထိ နေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင် တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၁**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်ကွပ်ကဲမှုဌာနချုပ်များ၊ လေတပ်စခန်းဌာနချုပ်များ၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဧပြီ ၂၇ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် မေ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



**❍ ထပ်မံဖမ်းဆီးရမိမှု**

ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ယနေ့ နံနက် ၂ နာရီခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦး ဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူများ၏ ကနဦးထွက်ဆိုချက်အရ ၎င်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိသဖြင့် တရုတ်နိုင်ငံသို့ ပြန်ရန်အတွက် တောလမ်းအတိုင်း ထွက်ပြေးလာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။




ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦး ဖမ်းဆီးရမိသည့် နေရာပြပုံ။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**☆ ကျောဖုံးမှအဆက်**

တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ လူငယ်မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၅ ရက်ထိ တောင်ကြီးမြို့တွင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘော ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဘော်လီဘော အားကစားနည်းသည် နေရာဒေသမရွေး ကစားနိုင်သည့် အားကစားနည်းတစ်ခု ဖြစ်သည့်အပြင် နည်းစနစ်ပရိယာယ် နည်းဗျူဟာတို့ကို အသုံးချ၍ကစားရသည့်အားကစားနည်း တစ်ခုဖြစ်သည့်အတွက် အခြေခံကျသော နည်းစနစ် လေးမျိုးကို ကျွမ်းကျင်သေသပ်စွာတတ်မြောက်ရန် အရေးကြီးပါကြောင်းနှင့် အောင်မြင်မှုရရှိနိုင်အောင် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများပေးအပ်ပြီး အမျိုးသားဘော်လီဘော ပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲကို မေ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

## မတ် ၃၁ ရက်မှ ဧပြီ ၃၀ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် မေ ၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက် ည ၈ နာရီမှ ဧပြီ ၃၀ ရက် ည ၈ နာရီထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ် နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

---

## ထူးခြားသည့် နေ့အပူချိန်များ

( ၁ - ၅ - ၂၀၂၆ )

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

---

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary(သို့) ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်စာ)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"

( ခ ) "လွယ်လွယ်နဲ့ရသုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ် တားဆီးမှ"

( ဂ ) "မူးယစ်ကင်းစင်-တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"

(ဃ) "နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"

( င ) "ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"

( စ ) "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့"
"Break the Cycle. #StopOrganizedCrime" (UN ဆောင်ပုဒ်)

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး**စာမူကို A 4 စာရွက်၏ တစ်ဖက် (စာတစ်မျက်နှာ)တွင် သပ်ရပ်စွာ လက်ရေးမူဖြင့်ရေး၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် (သို့မဟုတ်) ကွန်ပျူတာစာစီ၍ ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀၀ အတွင်းဖြစ်သည်။ ပြိုင်ပွဲဝင်ဝတ္ထုတွင် ပေးအပ်ထားသော ဆောင်ပုဒ်များကို အကျုံးဝင်ဖော်ဆောင်နိုင်သည့် ဝတ္ထုခေါင်းစဉ်တပ်နိုင်သည်။

(၃) **ကဗျာ**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀)အတွင်း ရှိရမည်။

(၄) **တေးသီချင်း**သည် မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေး နှစ်သက်ရာခေါင်းစဉ်ဖြင့် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချော သွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင်နှင့်အတူ အသံ အရည်အသွေးကောင်းမွန်သော သီချင်း CD ခွေတို့ကို ပေးပို့ရမည်။

(၅) **ဓာတ်ပုံ**သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 8'' x 10'' အရွယ် အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 8'' x 12'' ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) **Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)**သည် ၂ မိနစ်မှ ၃ မိနစ်ခန့် အထိရှိပြီး ရဲဝန်ထမ်း၊ ပြည်သူ့အကျိုးပြုလူငယ်လူရွယ်များ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတားဆီးမှုများကို သိရှိစေရန် ရည်ရွယ်ချက်ပါရှိရမည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာ၊ ဟန်းဖုန်းတို့ဖြင့် ရိုက်ကူး၍ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အများပြည်သူတို့ သင်ခန်းစာရစေနိုင်သော၊ နိုင်ငံကိုအကျိုးပြုသော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပညာပေးအကြောင်းအရာများကို ပေါ်လွင်အောင် ရိုက်ကူးရပါမည်။ မည်သူမဆို ပါဝင်သရုပ်ဆောင်ခွင့်ရှိပြီး လူငယ်များ လောကနီတိနှင့်အညီ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ Artificial Intelligence (AI) နည်းပညာအသုံးပြုခွင့်မရှိပါ။ ဆုရရှိသည့် ပညာပေးဇာတ်လမ်းတို (Short Film) အား အစိုးရပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV – 4 နှင့် Sky Net အစရှိသော ရုပ်သံသတင်းဌာနများတွင် ထုတ်လွှင့်ပြသသွားပါမည်။

(၇) **ကွန်ပျူတာပိုစတာ**သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့် ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက် (Landscapes) ရေးဆွဲပေးပို့ရပါမည်။ ပြိုင်ပွဲဝင်များ၏ ကိုယ်တိုင်တွေးခေါ် စဉ်းစားမှုဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုများကို ဦးစားပေး အကဲဖြတ်မည်ဖြစ်သောကြောင့် Artificial Intelligence (AI) ဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အပြည့်အစုံသော်လည်းကောင်း ပြုလုပ်ထားလျှင် လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၈) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများ**ကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 5) အထိ အလယ်တန်းအဆင့် (Grade 6 – Grade 9)နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန် မလိုပါ။ 15''– 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ (သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၉) **ကွန်ပျူတာပန်းချီ ပြိုင်ပွဲ**ကို အလယ်တန်းနှင့် အထက်တန်း ဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်း အဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ မူလတန်းအဆင့် ကျောင်းသား/ သူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်း အဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မဖြစ်စေရ။ Software Programme ကို Corel draw ၊ Photoshop၊ Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီ အတွက် တစ်ဦးလျှင် စာမူ တစ်စောင်၊ တေးသီချင်း ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) **ဓာတ်ပုံ**ပြိုင်ပွဲဝင် တစ်ဦးလျှင် 8'' x 10'' – 8'' x 12'' အတွင်း လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦး လျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film) ပြိုင်ပွဲတွင် ဇာတ်လမ်းတိုအား အနည်းဆုံး ၂ မိနစ်မှ ၃ မိနစ်ခန့်အထိ ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာတို့ဖြင့် ရိုက်ကူး၍ မည်သူမဆို ပါဝင်သရုပ်ဆောင်ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၂) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၃) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်း ဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူများနှင့်လက်ရာများကိုတာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁ ၇၅၀၅၂၆၀ ဖြစ်ပါသည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | တေးသီချင်း | ၁၁-၅-၂၀၂၆ |
| ( ခ ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၁-၅-၂၀၂၆ |
| ( ဂ ) | ကွန်ပျူတာပိုစတာ | ၃-၆-၂၀၂၆ |
| (ဃ) | ဓာတ်ပုံ | ၂-၆-၂၀၂၆ |
| ( င ) | Documentary(သို့)ပညာပေး ဇာတ်လမ်းတို(Short Film) | ၃-၆-၂၀၂၆ |
| ( စ ) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၅-၆-၂၀၂၆ |
| (ဆ) | ကွန်ပျူတာပန်းချီ | ၉-၆-၂၀၂၆ |

(၁၆) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ ပြိုင်ပွဲတစ်ခုတွင် ဆု ၆ ဆု ချီးမြှင့်မည်ဖြစ်သော်လည်း အရေအတွက် မပြည့်မီပါက အဆင့်မီသူများကိုသာ အကဲဖြတ်အဖွဲ့မှ ရွေးချယ်ပေးပြီး ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၇) ပြိုပွဲဝင် စာမူများ၊ လက်ရာများနှင့် ဇာတ်လမ်းတိုများကို မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မီဒီယာများတွင် ထုတ်လွှင့်ခြင်းများ ဆောင်ရွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

(၁၈) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၉) ပြိုင်ပွဲအားလုံးတွင် Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း အသုံးပြု၍ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ။ အဆိုပါနည်းပညာကို အသုံးပြုပြီး ဖန်တီးထားသည့် ပြိုင်ပွဲဝင်လက်ရာများကိုလည်း ပြိုင်ပွဲတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အသိပညာပေးလုပ်ငန်းများအတွက် ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မြောက်ကိုရီးယားနိုင်ငံတွင် မိုးခေါင်မှုကြောင့် သီးနှံများထိခိုက်မှုမဖြစ်စေရန် စီမံချက်ချဆောင်ရွက်နေ



**ပြုံယမ်း မေ ၁**

မြောက်ကိုရီးယားနိုင်ငံသည် သီးနှံစိုက်ပျိုးရာသီမတိုင်မီ ပုံမှန်မဟုတ်သော မိုးခေါင်မှုကြောင့် သီးနှံများ ထိခိုက်မှုမဖြစ်စေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံချက်ချဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် သီးနှံများ ထိခိုက်မှုဖြစ်ပါက နိုင်ငံ၏စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာကို ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

အစိုးရအာဏာပိုင်များ၏ အဆိုအရ မိုးခေါင်မှုကြောင့် ဆန်၊ ဂျုံနှင့် မုယောစပါးများ ပျက်စီးဆုံးရှုံးမှုကိုလျှော့ချရန် လယ်ယာပံ့ပိုးရေးပစ္စည်းများ ပံ့ပိုးခြင်း၊ ဆည်မြောင်းရေအရင်းအမြစ်များကို လုံခြုံစေခြင်းနှင့် ရေစုပ်စက်များအပါအဝင် လိုအပ်သော ပစ္စည်းကိရိယာများ အသုံးပြုရန် ဆောင်ရွက်နေကြောင်း သိရသည်။

ကုလသမဂ္ဂအေဂျင်စီများ၏ ခန့်မှန်းချက်များအရ မြောက်ကိုရီးယား၏ စိုက်ပျိုးရေးထွက်ကုန်များသည် လိုအပ်ချက်ကိုလုံလောက်မှုမရှိဘဲ လူသန်းပေါင်းများစွာ အာဟာရချို့တဲ့မှု ကြုံတွေ့နေရသကဲ့သို့ မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ခံရနိုင်ခြေမြင့်မားနေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကနေဒါနိုင်ငံ ဝီလီယံလိတ်ဒေသနှင့် ကွီစနယ်ဒေသတို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် သတိပေးချက်ထုတ်ပြန်

**အော့တဝါ မေ ၁**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်အလယ်ပိုင်း ဝီလီယံလိတ်ဒေသနှင့် ကွီစနယ်ဒေသတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသည့် ဧရိယာအနီးတွင်နေထိုင်သောဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



တောမီးလောင်ကျွမ်းမှုသည် နေရာပေါင်း ရှစ်နေရာတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး တောမီးကြောင့် သစ်တောမြေ ၆၉၇ ဟက်တာထိ ပျက်စီးနေကြောင်း၊ တောမီးစတင် လောင်ကျွမ်းခဲ့သည့်နေရာသည် ဝီလီယံလိတ်ဒေသနှင့် ကွီစနယ်ဒေသကြား Highway 97 လမ်းမကြီးအနီးတွင်ဖြစ်ပြီး ထိုမှတစ်ဆင့် ဝီလီယံလိတ်ဒေသနှင့် ကွီစနယ်ဒေသများဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကိုမြေပြင်မှ ငြိမ်းသတ်ရန် ခက်ခဲသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးသာ စေလွှတ်ပေးထားပြီး လေကြောင်းအကူအညီကို ရယူထားကြောင်း၊ လေယာဉ်ငယ်များနှင့်အတူရဟတ်ယာဉ်များအသုံးပြုကာ တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

"ဝီလီယံလိတ်နဲ့ ကွီစနယ်ဒေသကြားမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ ညွှန်ကြားထားပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ကင်ညာနိုင်ငံ မာချာကိုစ်ကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေ

**နိုင်ရိုဘီ မေ ၁**

ကင်ညာနိုင်ငံ မာချာကိုစ်ကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း ကင်ညာသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ဧရိယာအတွင်းရှိ နေအိမ်တချို့တွင် ဒေသခံများပိတ်မိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ကယ်ထုတ်ပေးခဲ့ရကာ ကုန်းမြင့်ဒေသများတွင် တည်ဆောက်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရာချပေးထားကြောင်း၊ မာချာကိုစ်ကောင်တီအပြင် မာကိုဗိုကောင်တီတွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး အဆိုပါကောင်တီနှစ်ခုရှိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ဒေသများမှာ ဂီတွမ်ဂူရီဒေသ၊ ယူတာဝါလာဒေသ၊ ကာတာနီဒေသ၊ အဲဝေးဒေသ၊ ကာမူလူဒေသနှင့် ဆိုကီမူဒေသတို့ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်များနှင့် အခြေခံအဆောက်အအုံများပျက်စီးကာ လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်ပေါ်နေသည့်အတွက် ယာယီပိတ်ထားရကြောင်း သိရသည်။

"မာချာကိုစ်ကောင်တီနဲ့ မာကိုဗိုကောင်တီတို့မှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်။ မာချာကိုစ်ကောင်တီမှာတော့ အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုဖြစ်တဲ့အတွက် အရေးပေါ်အဆင့် သတ်မှတ်ထားပါတယ်။ ဒေသခံတချို့ နေအိမ်အတွင်းမှာပိတ်မိနေလို့ ကယ်ဆယ်ရေးဝန်ထမ်းတွေက အရေးပေါ်အခြေအနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေကိုလဲ ကုန်းမြင့်ဒေသတွေမှာ စီစဉ်ပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ပါဘူး"ဟု ကင်ညာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဥရောပနိုင်ငံကြီးတချို့၏ ကန့်ကွက်မှုကြောင့် ဥရောပသမဂ္ဂအဖွဲ့အစည်းက ပြဋ္ဌာန်းမည့် သစ်တောပြုန်းတီးမှုဆိုင်ရာဥပဒေတချို့ဖြေလျှော့မည်

**ဘရပ်ဆဲလ် မေ ၁**

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့အစည်းသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ညီလာခံသဘောတူညီချက်များအရ သစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက် ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်နေသော်လည်း ဥရောပနိုင်ငံကြီးတချို့၏ ကန့်ကွက်မှုကြောင့် ပြန်လည်ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အသစ်ပြဋ္ဌာန်းသွားမည့်ဥပဒေသည် ဥရောပနိုင်ငံများကြား ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဥပဒေများဖြစ်ပြီး သစ်တောပြုန်းတီးမှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရိုက်ခတ်နိုင်သောကုန်ပစ္စည်းများကုန်သွယ်မှုကို ကန့်ကွက်သွားမည့်ဥပဒေဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍကို ကြီးမားသည့်ရိုက်ခတ်မှုများ ရှိလာနိုင်သည့်အတွက် ဥရောပနိုင်ငံကြီးတချို့က ဥပဒေကို ကန့်ကွက်မှုများပြုလုပ်နေသဖြင့် ဥရောပသမဂ္ဂအဖွဲ့အစည်းက ကန့်သတ်ထားသည့် ကုန်ပစ္စည်းများအနက် သားရေကုန်သွယ်မှု ပိတ်ပင်ထားမှုကို ပြန်လည်ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအတွက် ဥရောပတိုက်အတွင်း ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးညီလာခံ သဘောတူညီချက်အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အတွက် အရေးကြီးဆုံးအချက်ဖြစ်တဲ့ သစ်တောပြုန်းတီးမှုလျှော့ချရေးကို ဥပဒေပြဋ္ဌာန်းသွားမဲ့အရေးနဲ့ ပတ်သက်ပြီး ကန့်ကွက်မှုတချို့ရှိခဲ့ပါတယ်။ ကန့်ကွက်လာတဲ့ အချက်တွေထဲက သားရေကုန်သွယ်မှုကို ဖြေလျှော့ပေးသွားတော့မှာဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မြေထဲပင်လယ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း သတိပေးထား

**ဂျေရုဆလင် မေ ၁**

အစ္စရေးအစိုးရ၏ ယနေ့ထုတ်အစီရင်ခံစာတွင် မြေထဲပင်လယ်သည် ပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုများ မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း သတိပေးထားသည်ဟု သိရသည်။

အဆိုပါ အစီရင်ခံစာအရ မြေထဲပင်လယ်သည် အပူချိန်မြင့်တက်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ကျူးကျော်မျိုးစိတ်များ ပျံ့နှံ့လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာဖိအားများ တိုးပွားလာနေကြောင်း၊ ထို့ပြင် ပင်လယ်ပြင်၏ အပေါ်ပိုင်း ရေထုအလွှာသည် နှစ်စဉ် ပျမ်းမျှ သုည ဒသမ ၀၅ ဒီဂရီစင်တီဂရိတ် ပူနွေးလာနေကြောင်း၊ လက်ရှိပင်လယ်ရေမျက်နှာပြင်သည် ၁၉၉၂ ခုနှစ်က ပင်လယ်ရေမျက်နှာပြင်ထက် ၁၅ စင်တီမီတာ မြင့်တက်လာကြောင်း၊ ပင်လယ်ရေတွင် ပါဝင်သော ဆားငန်ဓာတ်နှင့် အက်စစ်ဓာတ်မြင့်တက်လာခြင်းသည် ရေနေဂေဟစနစ်များ၏ တည်ငြိမ်မှုကို ခြိမ်းခြောက်နေပြီး ဒေသခံမျိုးစိတ်များအပေါ် ဖိအားပိုမိုများပြားလာကြောင်း သတိပေးထားသည်။

မြေထဲပင်လယ် ကမ်းရိုးတန်းညစ်ညမ်းမှုသည် ဇီဝမျိုးကွဲများကျဆင်းမှုကို ဖြစ်ပေါ်စေကြောင်း၊ ကျူးကျော် မျိုးစိတ်များကလည်း ပိုမိုပူနွေးပြီး ဆားငန်ရည်များထဲသို့ ပျံ့နှံ့လာကာ မျိုးရင်းဒေသခံရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ပျက်စီးစေကြောင်း၊ ထို့ကြောင့် မြေထဲပင်လယ်၏ အနာဂတ်ကို ကာကွယ်ရန်အတွက် ပိုမိုအားကောင်းသော ညစ်ညမ်းမှုထိန်းချုပ်မှုများ၊ တာဝန်သိသောငါးဖမ်းစီမံခန့်ခွဲမှုနှင့် ရေနေဂေဟစနစ်ကို ပိုမိုကာကွယ်ရန် လိုအပ်လာကြောင်း အစ္စရေးအစိုးရ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# နေရာ

## မုဒိတာနှင်း(မော်လမြိုင်)



(၁)

"ငါ့မွေးနေ့မှာ ငါ့အဖေလက်ဆောင်ဝယ်ပေးထားတဲ့ နာရီအသစ်ပတ်လာတာ... ငါ့လက်နဲ့အဆင်ပြေရဲ့လားကြည့်ပေးပါအုံး စုမွန်"

အတန်းဖော်လဲ့လဲ့ဝင်းက အသစ်စက်စက်ဒိုင်ခွက်အစိမ်းရောင်မှာ ကြယ်ပွင့်ကလေးတွေ တဖျတ်ဖျတ်လက်နေသည့် လေးထောင့်ငွေရောင်နာရီလေးကို စမတ်ကျကျပတ်ထားသည့် သူ၏ လက်ဖြူနုနုလေးကို စုစုမွန်၏ ရင်ဘတ်အရှေ့ဘက်သို့ ထိုးမြှောက်ပြရင်း ခပ်ကြွားကြွားလေးမေးလာပါသည်။

အမေက ရှမ်းတိုင်းရင်းသူ အဖေကတရုတ်လူမျိုးမို့ ရှမ်းတရုတ်ကပြားမလေး လဲ့လဲ့ဝင်း၏ လက်ဖွေးဖွေးကလေးပေါ်မှာ နာရီအသစ်ကလေးက လွန်စွာလိုက်ဖက်လှပါသည်။ ကြည့်လိုက်တာနှင့် တန်ဖိုးကြီးနာရီမှန်း စုမွန်သိလိုက်ပါသည်။

"အေးပါလဲ့လဲ့ရယ် နင့်လက်ကလေးနဲ့ အရမ်းလိုက်တယ်" လဲ့လဲ့ဝင်းက ကျေနပ်သလိုပြုံးပြီး သူ့ရဲ့ ခပ်မှေးမှေးမျက်လုံးလေးကို ဟန်ပါပါဝင့်၍ ဆက်ကြွားလေသည်။

"ငါက အိမ်မှာအငယ်ဆုံးဆိုတော့ ငါ့အဖေနဲ့ ငါ့အမေက ငါ့မျက်နှာ တစ်ချက်အညှိုးမခံတာ ငါလိုချင်တာမှန်သမျှအားလုံး မရတာမရှိစေရဘူး"

မူလတန်းမှအစပြုလို့ ယခု တက္ကသိုလ်ဝင်တန်းထိ တစ်တန်းထဲ၊ တစ်ခန်းထဲပေါင်းလာခဲ့သည့် ငယ်ပေါင်း သူငယ်ချင်းအရင်းအချာတွေမို့လည်း တစ်ခုခုလိုချင်ပြီဆို လိုတာရအောင်ယူတတ်သူ လဲ့လဲ့ဝင်း၏ အတ္တကြီးသောစိတ်ထားကို သိပ်မကြိုက်ပေမဲ့လည်း ဖြည့်တွေးပြီး နားလည်ပေးကြရမြဲပင်ဖြစ်သည်။ ပြည့်စုံသောအသိုင်းအဝိုင်းမှ ဆင်းသက်လာသူဖြစ်သော လဲ့လဲ့ဝင်းက အိမ်မှယူလာသောမုန့်အကောင်းစားများကို သူငယ်ချင်းအားလုံးကို မတွန့်တို ရက်ရောစွာ ဝေမျှကျွေးတတ်သည့် ကောင်းကွက်ကလေးက ချစ်စရာကောင်းစွာ သူ့မှာရှိနေတတ်ပါသည်။

အထက်တန်းလွှာ ငွေကြေးချမ်းသာသောအငယ်ဆုံးသမီးဖြစ်သောကြောင့် သူမ၏ ကြွားဝါတတ်သောအကျင့်လေးကို သူငယ်ချင်းအားလုံးမှ သည်းခံ၍ ကောင်းကွက်ကလေးကိုရှာ၍ နားလည်ပေးကြသည်ပဲဖြစ်လေသည်။ စုစုမွန်နှင့်အတူ သူငယ်ချင်းအများစုသည်လည်း သူ၏ဘဝကို အားကျစိတ်နှင့် သူပြောသမျှ ငေးမော၍နားထောင်မိနေလေတော့သည်။

(၂)

လဲ့လဲ့ဝင်း၏ နာရီအသစ်လေးကိုမြင်ယောင်ပြီး စုမွန်က သူ၏လက်ညိုညိုလေးပေါ်တွင် ပတ်ထားသည့်တစ်ပတ်နွမ်းနာရီအဟောင်းလေးကို သိမ်ငယ်စွာ ငုံ့ကြည့်နေမိလေသည်။

ဒီနာရီလေးကအစ်မဖြစ်သူ ယုယုမွန် ဆယ်တန်းအောင်တုန်းက အသစ်လဲပေးလိုက်သောကြောင့် တစ်ပတ်နွမ်းနာရီလေးကို စုမွန်ထံသို့ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်လေသည်။ အဝတ်အစား အသုံးအဆောင်ပစ္စည်းအားလုံး အစ်မဖြစ်သူနှင့် မတော်တော့သောတစ်ပတ်နွမ်းအဝတ်အစားများကိုသာ များသောအားဖြင့် ဝတ်ဆင်အသုံးပြုရသည်က များလေသည်။ တစ်ခါတစ်ရံမှသာ အစ်မဖြစ်သူ၏ အကျတွေဖြင့်သာ အသားကျနေသောသူ့ကို အားနာဟန်ဖြင့် ဝယ်ပေးတတ်လေသည်။

"နင့်မမကြီးအဝတ်တွေ၊ အသုံးအဆောင်တွေက တပတ်ရစ်ပေမဲ့ အသစ်အတိုင်းပဲလေ သမီးရဲ့ သမီးကိုအသစ်ဝယ်ပေးလိုက်ရင် သမီးအောက်မှာ မောင်လေးပဲရှိတာ သမီးအဖေက ဝန်ထမ်းဆိုတော့ အမေတို့ချွေတာရတယ်သမီးလတ်ရေ"

"ငါ့သမီးလတ်စုမွန်က နားလည်မှုအပြည့်ရှိတယ် မိန်းမရေ..."

အဖေက အစ်မဖြစ်သူ ယုယုမွန်၏ အကျတွေသာ ဝတ်ဆင်ရသောသူ့ကို သနားကြင်နာစွာဖြင့် ဝင်ပြောတတ်ပါသည်။

အစ်မယုယုမွန်က အမေနှင့်တူသောကြောင့် အရပ်မနိမ့်မမြင့် အသားဖွေးဖွေးလေးဖြင့် ချစ်စရာအလွန်ကောင်းပါသည်။

အဖေနှင့်တူသော စုစုမွန်က မြင့်မားသောအရပ်နှင့် အသားညိုသည်ကအစ အဖေတူသော သမီးဖြစ်လေသည်။ ဒီကြားထဲ စာဖတ်များသော စာကြမ်းပိုးမလေးတစ်ယောက်ဖြစ်သည်မို့ အသက်အရွယ်လေးနှင့်မမျှ ပါဝါမျက်မှန် ထူထူလေးတပ်ထားရသူမို့ သူနှင့် အထက်အောက် မောင်လေးဖိုးသားမှ (မှန်ကြောင်)ဟု မကြာခဏဆိုသလို စနောက်ထောမနာပြုတတ်ပါသေး၏။

"ငါ့သမီးလတ်က အသားညိုစိမ့်စိမ့်လေးနဲ့ ခပ်တည်တည်အနေများလို့ပါ။ ပြုံးရယ်လိုက်ရင် ပါးနှစ်ဖက်မှာ ပါးချိုင့်လေးနဲ့ ငါ့သမီးလတ်ကမှ ပိုပြီး ကျက်သရေရှိပြီးချောတာဗျာ..."

အဖေက ဤသို့မကြာခဏ စကားနည်းသောသူ့ကို ရှာကြံချီးမွမ်းတတ်လေသည်။

"သမီးကြီးရေ...ယုမွန်ရေ..."

"ရှင်အမေ...လာပြီ"

ညနေခင်း အပြင်သွားရာမှပြန်လာသော အမေ့ခေါ်သံကြောင့် ယုယုမွန်က အိမ်ခန်းအတွင်းမှ အပြေးထွက်လာခဲ့လေသည်။

"ဖိနပ်ဆိုင်ရှေ့ကဖြတ်လျှောက်တာ ဖိနပ်လေးလှလို့ သမီးကြီးမျက်နှာတန်းမြင်လို့ ဝယ်လာတာမှန်း စီးကြည့်ပါအုံးသမီးရေ...မတော်ရင် ပြန်လာလဲမယ်လို့စကားခံခဲ့တယ်..."

ချောကလက်ရောင်၊ အနောက်ကြိုးသိုင်း၊ ဒီဇိုင်းဆန်းဆန်း၊ ခုံပါးဖိနပ်ကလေးကို စုမွန်က သင်္ချာတစ်ပုဒ်တွက်နေရာမှ လှမ်းကြည့်လိုက်ပါသည်။ အစ်မယုမွန်၏ ခြေထောက်ဖွေးဖွေးကလေးနှင့် ချောကလက်ရောင်ကြိုးသိုင်းဖိနပ်လေးမှာ အံဝင်ခွင်ကျ လိုက်ဖက်လွန်းလှပါသည်။ အမေဝယ်လာသမျှ အစ်မယုမွန်နှင့် ကွက်တိပင်ဖြစ်နေလေသည်။

"အမေက ငါ့သမီးတွေရဲ့ ဆိုဒ်နဲ့ အကြိုက်ကို ရင်ထဲက အလွတ်ရနေတာလေ... ယုမွန်ရဲ့"

အလတ်မစုမွန်၏ ရင်တွင်းစကားကိုတော့ အမေကြားသိနိုင်မည်မဟုတ်ပါ။

"စုမွန်ရဲ့နှလုံးသားကို အမေ အလွတ်ရစေချင်လိုက်တာအမေရယ်..."ဟု ဘယ်သူမှမကြားအောင် တီးတိုးရှိုက်ရင်း ပါဝါမျက်မှန်ကြားမှ မျက်ရည်စက်တွေက သင်္ချာစာအုပ်ပေါ် ခုန်ပေါက်ဆင်းလာခဲ့လေ၏။ အမယုမွန်အတွက်ဝယ်လာသော ချောကလက်ရောင် ကြိုးသိုင်းဖိနပ်အသစ်ကလေးက အတန်းထဲမှ အခန်းဖော်သူငယ်ချင်း လဲ့လဲ့ဝင်းစီးထားကတည်းက သူကြိုက်၍နှစ်သက်နေခဲ့တာလည်း ဖြစ်လေသည်။ အမေက ဝယ်လာသောဖိနပ်အသစ်ကလေးနှင့် လှပတင့်တယ်နေသော သမီးကြီးယုယုမွန်၏ ခြေထောက်ဖြူဖြူဝင်းဝင်းကလေးကို ရှုမဝစွာ ငေးမောကြည့်နေသည်ဖြစ်၍ စုမွန်၏ ရင်တွင်းခံစားနေမှုတို့ကို မသိနိုင်မတွေ့နိုင်ပါပေ။

(၃)

"ကြောင်အိမ်ထဲက အသည်းအမြစ်ထည့်ထားတဲ့ ကြက်သားဟင်းပန်းကန်က ဘယ်သူ့အတွက်လဲအမေ"

"ဖိုးသားအတွက်ဖယ်ထားတာလေ... မယုကလဲ သိသားနဲ့"

"ငါသိသားပဲ... အမေ့ကို သက်သက်ကလိချင်လို့ အသာနေ စုမွန်"

"ကြက်အသည်းအမြစ်ထည့်ထားတာ ဖိုးသားအတွက်နော် သမီးယုမွန်..."

"သိပါတယ်အမေရဲ့ မစားပါဘူး။ အမေ့သားတော်မောင်အတွက် ဖယ်ထားတယ်ဆိုတာသိပါတယ်။ အမေ..."

"စားချင်ရင် မနက်ဖြန်အမေချက်ပေးမယ်...ခုက ဖိုးသားအတွက် တစ်စုံပဲရှိတာ... တော်ကြာပြဿနာလုပ်နေပါအုံးမယ်အေ"

"ဟင့် တစ်ခါတလေ အသည်းအမြစ်လေးစားချင်တာ...အမေကတော့သူ့သားအတွက်ချည်းပဲ..."

"အကြီးဆုံးဖြစ်ပြီး အငယ်တွေကို နည်းနည်းမှ မညှာဘူး။ နင်တော့လား ငါသိပ်မပြောချင်ဘူးနော် ယုမွန်"

ပါးစပ်မှ ပွစိပွစိပြောရင်း ထမင်းစားနေသည့် အစ်မယုမွန်ကို တစ်ချက်ကြည့်ရင်း အမေက မျက်စောင်းဝင့်ကြည့်ရင်း....

"အလတ်မပဲကောင်းတာ... ဘာနဲ့ပဲ စားရ၊ စားရကြေးမများဘူး။ နင်နဲ့ဖိုးသားအတွက်ပဲ ငါ့မှာ နေ့တိုင်းခေါင်းစားနေရတာ"

သမီးမိန်းကလေးဆက်တိုက် နှစ်ယောက်ကြားမှ ကံကောင်းထောက်မစွာရောက်ရှိလာသော တစ်ဦးတည်းသောသားထွေးလေးမို့လည်း မိဘနှစ်ပါးစလုံးက ဖူးဖူးမှုတ်သည်းသည်းလှုပ်၍ အစားအသောက်အစ မောင်လေးမကြိုက်တတ်သောဟင်းဆို အိမ်မှာ မချက်ဖြစ်တော့သည်ထိ အမေက အချစ်ပိုခဲ့သည်။

အငယ်ဆုံးဖြစ်သည့်အလျောက် အစ်မနှစ်ယောက်အပေါ်တွင်လည်း ဆိုးနွဲ့ဗိုလ်ကျတတ်ပြန်သေးသည်။

အစ်မကြီးယုမွန်ကိုကျပြန်တော့ အကြီးဆုံးမို့အနည်းငယ်ရွံ့ကြောက်ပေမဲ့ သူနှင့် အထက်အောက် အလတ်မစုမွန်အပေါ်တွင်တော့ အနိုင်ယူတတ်သည်။

ထမင်းစားပြီး၍ စုမွန်ကအိမ်ရှေ့ တံစက်မြိတ်အောက်သို့ အညောင်းပြေလမ်းလျှောက်ဖို့ ဆင်းလာခဲ့ရင်းမှ အိမ်နံဘေးမြေကွက်လပ်မှာ ဖိုးသားတို့သူငယ်ချင်းတစ်သိုက် ဘောလုံးကန်နေကြသည်ကို ငေးမောကြည့်နေမိလေသည်။

"တီ...တီ...တီ...တီ..."

အိမ်ရှေ့မှ အဖေ့ရုံးကားဟွန်းသံကြောင့် စုမွန်က ခြံဝင်းတံခါးဖွင့်ပေးဖို့ ခပ်သွက်သွက်လှမ်းလိုက်သည်။

အဖေတို့ရုံးက ရုံးအကူ ကိုမိုးအောင်က ကားနောက်ခန်းမှ စက်ဘီးပြိုင်ဘီးအသစ် အနီရောင်တစ်စီး ချနေသည်ကိုမြင်လိုက်ရသည်။

"မိုးအောင်ရေ စက်ဘီးချပြီးရင် ကားကိုရေဆေးပြီး ကားရုံထဲထည့်လိုက်"

"ဟုတ်ကဲ့ဆရာကြီး"

"သမီးလတ်ရေ မောင်လေးဖိုးသားကိုခေါ်ပါအုံး အဖေသူ့အတွက် စက်ဘီးဝယ်လာလို့"

ဖိုးသားတို့သူငယ်ချင်းတစ်သိုက်က ဘောကန်နေရာမှ ပြေးထွက်လာကြပြီး ပြိုင်ဘီးအနီကလေးကို လှည့်ပတ်ကြည့်နေကြလေ၏။

"ကြိုက်တယ်မလားဖိုးသား ငါ့သားလိုချင်တာ အဖေဝယ်ပြီးပြီနော်"

"ကြိုက်တယ်အဖေ သားလိုချင်တဲ့ အရောင်လေး ကွက်တိပဲ"

"ငါ့သမီးလတ်ရောဘာလိုချင်လဲ အဖေ့ကိုပြော အဖေဝယ်ပေးမယ်"

စုမွန်၏မျက်နှာကို အကဲခတ်သလိုကြည့်ပြီး စုမွန်၏ပခုံးလေးကိုဖက်ပြီး ကြင်နာစွာငုံ့ကြည့်ပြီး မေးလာသောကြောင့် စုမွန်ရင်ထဲ လှိုက်ကနဲဆို့နင့်သွားရသလို ပါဝါမျက်မှန်ထူထူကြားမှ ဝဲတက်လာသောမျက်ရည်များစများကို အဖေမမြင်အောင် မျက်တောင်ဖြင့် ပုတ်ထုတ်လိုက်ရင်းမှ-

"သမီး....သမီးက...ဘာမှမလိုချင်ပါဘူး အဖေ။ မကြာခင်ဖြေဆိုရတော့မဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့အောင်ပြီး သမီးရည်ရွယ်တဲ့ ပန်းတိုင်ကို အရောက်သွားချင်တာကလွဲလို့ အဖေတို့ဆီက သမီးဘာမှမလိုချင်ပါဘူးအဖေ"

စာမျက်နှာ ၂၅ သို့ ä

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၁၆၂၅၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၁၆၂၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ကေ ၁၆၂၅၀ စိုက်ပျိုးရန်လျာထားပြီး မေလ တတိယပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၇၉၄၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၁၅၀ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၃၉ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၂၂၀ စုစုပေါင်း ဧက ၁၆၂၅၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူးရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် မုန်လာဥဖြူများ ထွက်ရှိနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ထွက်ရှိသည့် မုန်လာဥဖြူများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကျုံပျော်မြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ ဧပြီလ တတိယပတ်လောက်ကတည်းကစပြီး အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူမှုကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ ကိစ္စတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးကပြောပြသည်။



ကျုံပျော်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းနေသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးသူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

စုမွန်အပြောကြောင့်အဖေက ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျစွာရယ်မောရင်း-

"ငါ့သမီးလတ်က အဖေတို့အားကိုးမျှော်လင့်ရမဲ့ ပညာတတ်တစ်ယောက်ဖြစ်လာမယ်လို့ အဖေယုံကြည်မျှော်လင့်တယ်။ သမီးဘက်ကသာကြိုးစား။ သမီးဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ အဖေတို့က ဖြည့်ဆည်းပေးမယ် ဟုတ်ပြီလားသမီး ကိုင်းအဖေထမင်းဆာနေပြီ အိမ်ထဲဝင်နှင့်မယ်"

(၄)

အပေါ်ဝတ်တိုက်ပုံအင်္ကျီကို ပခုံးထက်လွှားရင်း အိမ်ထဲသို့လှမ်းဝင်သွားသော အဖေ့နောက်ကျောပြင်ကို မျက်စိတစ်ဆုံးအငေးသားကြည့်နေမိရင်း စုမွန် ရင်တွင်းစကားအချို့ကို အဖေကြားနိုင်မည်မထင်ပါ။

နောင်ဘဝဆိုတာရှိခဲ့ရင် အဖေတို့၊ အမေတို့ရဲ့ ဝမ်းကြာတိုက်ထဲကို မမကြီးယုမွန်လို သမီးကြီးအဖြစ် ဒါမှမဟုတ် မောင်လေးဖိုးသားလို အထွေးဆုံးသားလေးအဖြစ် ပြန်ဝင်စားခွင့်ရချင်ပါတယ်။

အဖေအမေတို့ရဲ့ ရင်ထဲနှလုံးသားထဲက အစ်မယုမွန်နဲ့ မောင်လေးဖိုးသားတို့လို တန်းတူညီတူ မျှတတဲ့နေရာလေးတစ်ခုကိုပဲ မျှော်လင့်တယ်ဆိုတာ အဖေနှင့်အမေတို့ ဘာကြောင့်များ မသိတတ်ခဲ့ကြတာပါလိမ့်လို့ စုမွန် နားမလည်နိုင်ခြင်းများစွာနှင့် ရင်တွင်းမှစကားအချို့ကို တီးတိုးရေရွတ်မိနေမိပါတော့သည်။

"သမီးအတောင့်တဆုံး မျှော်လင့်တဲ့အရာက အဖေတို့အမေတို့ရဲ့ ရင်ထဲနှလုံးသားထဲ သမီးအတွက် အနက်ရှိုင်းဆုံးသောမေတ္တာတရားတွေနဲ့ ထုံမွမ်းထားတဲ့နေရာလေးတစ်ခုပါပဲ...။

## နွေတစ်ညနဲ့ မိုးတစ်အုပ်

– မှိုင်းမှုန်မှုန် ဝိုးတဝါးနဲ့
ပျိုးထားတဲ့ ညပန်းချီ၊
ကံ့ကော်ဖြူ ရနံ့မွှေး
အသွေးနဲ့တည်၊
လေညင်းက ရှူစားသည်
နုထွားစည် ညပုံရိပ်၊
ယုန်တစ်ကောင် အပြေးနှုန်းနဲ့
ပြုံးနေတဲ့စိတ်။

– ကြယ်စင်တွေ ငုတ်တုတ်အိပ်
တံခါးမပိတ် ဖြစ်စဉ်အပေါ်၊
မပီပြင် ရောင်လင်းတန်းတို့
ထွက်လမ်းကိုဖော်၊
ကောင်းကင်ကြီး သိခဲ့သော်
မိုးခေါ်လို့ တာဝန်ပေး၊
လျှပ်စီးရှည် အလင်းစက်နဲ့
နှက်စေတဲ့လေး။

– ရှစ်ခွင်နယ် ပူဓာတ်ထွေးလို့
စိတ်အတွေးက မိုးကိုကြို၊
ထစ်ချုန်းသံ တစ်ချက်ကြား
ရွှင်အားတွေစို၊
လေတစ်အုပ်က အမူးပို
ဘီလူးလိုကြွမ်းတမ်း၊
ခဏကြာတော့
လှမလာ ဝေဟင်အနံ့ရယ်နဲ့
ကျတစ်ဖြာ ရေစင်သန့်ကိုလ
(နွေတစ်ညက...)
ခင်းဖြန့်လို့လွှမ်း။ ။

ချမ်းမြေ့(ဇလွန်မြေ)

# ဘားအံမြို့နယ် ပါရိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ မေ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပါရိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ပါရိုကျေးရွာ၌ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

ခရီးသွားဆောင်းပါး

# ဟိုင်းကြီးကျွန်းပေါ်က ကျိုက်ပိစေတီတော်

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး ပြင်ခရိုင်မှာရှိတဲ့ ငါး၊ ပုစွန်အဝယ်ဒိုင်တွေ၊ ပင်လယ်ကမ်းခြေတစ်လျှောက်မှာ လှန်းထားတဲ့ ငါးခြောက်တန်းတွေကို ကြည့်ရှုလေ့လာခဲ့ကြပြီး ချောင်းဝကျေးရွာဆိပ်ခံတံတားကနေတစ်ဆင့် ဟိုင်းကြီးကျွန်းရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြပါပြီ။ မကြာမီအချိန်အတွင်းမှာတော့ ဟိုင်းကြီးကျွန်းမြို့ပေါ်က ကျိုက်ပိစေတီတော်ကြီးနဲ့ မြို့အဝင်ဆိုင်းဘုတ်၊ တောင်ပေါ်က မီးပြတိုက်ငယ်လေးတွေကို လှမ်းမျှော်တွေ့မြင်နေကြရပါပြီ။

ကျိုက်ပိစေတီတော်ကြီးက ဟိုင်းကြီးကျွန်းမြို့ အလယ်လောက်မှာရှိတဲ့ တောင်ကုန်းမြင့်တစ်ခုပေါ်မှာတည်ရှိနေတယ်။ ဟိုင်းကြီးကျွန်းမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ဆိုတဲ့ မြို့အဝင်ဆိုင်းဘုတ်က ပုသိမ်မြစ်နဲ့ ဟိုင်းကြီးကျွန်းချောင်းထောင့် ရေအစပ်မှာတည်ရှိနေတယ်။ မနက်စောစောနေမထွက်ခင်တုန်းက မီးရောင်မှိတ်တုတ်မှိတ်တုတ်နဲ့ မြင်တွေ့ခဲ့ရတဲ့ မီးပြတိုက်ငယ်လေးက ဟိုင်းကြီးကျွန်းမြို့အတွင်း တောင်ထိပ်တစ်ခုပေါ်မှာတည်ရှိနေတာပါ။ စက်လှေက ပုသိမ်မြစ်ကနေ ဟိုင်းကြီးကျွန်းချောင်းအတွင်းကို ဝင်ရောက်ခုတ်မောင်းလိုက်ပြီး မိနစ်ပိုင်းအတွင်း အချိန်လေးမှာ ဟိုင်းကြီးကျွန်းအဝင် ဆိပ်ခံတံတားအနီးကို ရောက်လာခဲ့တယ်။ မြို့အဝင်ဆိပ်ခံတံတားဖြစ်နေတာကြောင့် တံတားပတ်ဝန်းကျင်မှာ လှေသင်္ဘောကြီးကြီးငယ်ငယ်အများအပြားကို မြင်တွေ့နေရတယ်။ ဒါကြောင့်လဲ စက်လှေလေးက တံတားအနီးကို အချိန်ယူကြိုးစားဆိုက်ကပ်ပြီးမှ မိမိတို့က စက်လှေပေါ်ကနေဆင်းကြရပြီး ဟိုင်းကြီးကျွန်းမြို့ကို စတင်ခြေချခွင့်ရခဲ့ကြတယ်။

ဟိုင်းကြီးကျွန်းဆိုတာက မွန်ဘုရင်တွေလက်ထက်မှာ ပုသိမ်(၃၂)မြို့ဝင် ဖြစ်ခဲ့ရသလို "ကျိုက်စတည်"မြို့အဖြစ် ထင်ရှားခဲ့ပါတယ်။ ကျွန်းရဲ့ပုံစံက ဘင်္ဂလားပင်လယ်အော်အတွင်း တြိဂံပုံစံသုံးဘက်ချွန်ကျွန်းကြီးပါ။ ညောင်ရမ်းခေတ်ရှင်ဘုရင်တွေလက်ထက်မှာ "နဂရသာဂီကျွန်း"လို့ခေါ်ဆိုခဲ့ကြပြီး အင်္ဂလိပ်ဗြိတိသျှတို့က "နေဂရစ်ကျွန်း"(Negris Island)လို့ ခေါ်ဆိုခဲ့ကြတယ်။ အလောင်းမင်းတရားကြီး ဘုန်းမီးနေလတောက်နေချိန်မှာ ဟိုင်းကြီးကျွန်းပေါ်မှာ စခန်းချတပ်စွဲထားတဲ့ အင်္ဂလိပ်ဗြိတိသျှစစ်တပ်ကို မြန်မာစစ်တပ်က ဝင်ရောက်တိုက်ခိုက်ချေမှုန်းခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ဗြိတိသျှစစ်တပ်ကို ဝင်ရောက်တိုက်ခိုက်ချေမှုန်းခဲ့သူတွေက မင်းရဲကောင်းပုံနဲ့ ကလန်ပွားမြင်းစီးသိန်နရာတို့ဖြစ်ကြတယ်လို့ မြို့သမိုင်းက ဆိုပါတယ်။

ဟိုင်းကြီးကျွန်းအနီး တောင်ဘက်မှာတော့ သမီးလှကျွန်းတည်ရှိနေတယ်။ ဒီသမီးလှကျွန်းပေါ်မှာ လိပ်တွေအများအပြား ဥချတာဖြစ်တဲ့အတွက် လိပ်ကျွန်းလို့လဲ ခေါ်ဆိုခဲ့ကြတယ်။ ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်မှာ လိပ်ကျွန်းပေါ်မှာရှိတဲ့ လိပ်ဥတွေကို တူးဖော်စားသုံးခွင့်မပြုတာတွေ၊ တားမြစ်အရေးယူတာတွေ၊ ဘေးမဲ့ကျွန်းအဖြစ် သတ်မှတ်ပေးခဲ့တာတွေ ပြုလုပ်ခဲ့တဲ့အပြင် ပါဠိဘာသာနဲ့ရေးထားတဲ့ ကျောက်စာတစ်ချပ်ကိုလဲ ရေးထိုးစိုက်ထူခဲ့ဖူးကြောင်း သိရှိထားရတယ်။ ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် ၁၈၄၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှာ လောကဥဿျှောင်စေတီတော်ကြီးကို သမီးလှကျွန်း ခေါ် လိပ်ကျွန်းပေါ်မှာ တည်ထားခဲ့ကြတယ်။

စက်လှေပေါ်ကနေဆင်းကြပြီး ဆိပ်ခံတံတားပေါ်ကို တက်လိုက်တာနဲ့ ဟိုင်းကြီးကျွန်းရဲ့ မြို့အခြေအနေတွေကို စတင်တွေ့ရှိကြရတယ်။ ဆိပ်ခံတံတားနဲ့အတူ ဇရပ်ကြီးတစ်ဆောင်ကို ပူးတွဲဆောက်လုပ်ထားတာကြောင့် ဇရပ်အတွင်းမှာ ခရီးသည်တွေ၊ ကုန်တင်ကုန်ချအလုပ်သမားတွေ၊ ဈေးသည်တွေ စုစုရုံးရုံးရှိနေကြတယ်။ တြိဂံပုံသုံးဘက်ချွန်တည်ရှိနေတဲ့ ဟိုင်းကြီးကျွန်းမြို့မှာ ကုန်းလမ်းဝင်ပေါက်ထွက်ပေါက်တစ်ခုနဲ့ ရေလမ်းဝင်ပေါက်ထွက်ပေါက်တစ်ခု စုစုပေါင်း နှစ်ခုသာရှိနေပါတယ်။ ဒေသခံတွေ၊ ခရီးသွားဧည့်သည်တွေအများစုက ရေကြောင်းလမ်းဖြစ်တဲ့ လှေ၊ သင်္ဘောတွေကိုသာ အသုံးပြုသွားလာနေကြတယ်။ ဒ့ါပြင် ဟိုင်းကြီးကျွန်းနဲ့ တခြားမြို့ရွာဒေသတွေကို ပြေးဆွဲနေတဲ့ ခရီးသည်တင်ကားတွေ၊ မော်တော်ယာဉ်အသင်းတွေ မရှိကြဘဲ လှေ၊ သင်္ဘောတွေ၊ ရေယာဉ်အသင်းတွေသာ ရှိနေကြတယ်။



ဟိုင်းကြီးကျွန်းမြို့ပေါ်က ကျိုက်ပိစေတီတော်ကို ဖူးတွေ့ရစဉ်။

မိမိတို့မောင်နှမတွေက စက်လှေပေါ်ကနေ ဆင်းလာခဲ့ကြပြီး ဆိပ်ခံတံတားကနေတစ်ဆင့် ကုန်းပေါ်ကိုရောက်တာနဲ့ ဘယ်မှမသွားနိုင်ကြသေးဘဲ အနီးမှာရှိနေတဲ့ အအေးဆိုင်တစ်ဆိုင်ကို ဦးစွာဝင်ရောက်လိုက်ရပြီး ကြိုက်နှစ်သက်ရာအအေးတွေကို မှာယူသောက်နေကြရတယ်။ ပင်လယ်ကမ်းခြေဒေသရဲ့ မွန်းလွဲပိုင်းနေအပူရှိန်က အလွန်ပြင်းထန်နေတယ်။ ဒါကြောင့်လဲ ကုန်းပေါ်ကိုရောက်ရောက်ချင်း အအေးဆိုင်ထဲကို အပြေးအလွှားဝင်ရောက်လာခဲ့ကြရတယ်။ မိမိတို့ထိုင်သောက်နေကြတဲ့ အအေးဆိုင်နဲ့ မျက်နှာချင်းဆိုင်လမ်းတစ်ဖက် ရှေ့တည့်တည့်မှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်တည်ရှိနေတယ်။ ငါးပိ၊ ငါးခြောက်တွေဝယ်မယ်ဆိုရင် ဟိုင်းကြီးကျွန်းမှာဝယ်လို့ ညီဝမ်းကွဲ ကိုဖိုးစိန်ရဲ့ ပြောပြထားချက်အရ ဝယ်စရာရှိတာတွေကို ဝယ်ယူကြရပါအုံးမယ်။ ဒါပေမဲ့ အခုချက်ချင်းမဝယ်ကြသေးဘဲ ရောက်တုန်းရောက်ခိုက် ဟိုင်းကြီးကျွန်းမြို့တွင်းကို လေ့လာလည်ပတ်၊ ကျိုက်ပိစေတီတော်ကြီးကို တက်ရောက်ဖူးမြော်ကြပြီးမှ လိုချင်တာတွေကို ဝယ်ယူကြရမှာပါ။ ဒါကြောင့် မြို့တွင်းကို လမ်းလျှောက်လေ့လာကြည့်ရှုကြရင်း စေတီတော်ရှိရာတောင်ခြေကို လျှောက်လှမ်းလာခဲ့ကြတယ်။ တောင်ပေါ်ကို ခြေကျင်ခရီးနဲ့စောင်းတန်းလှေကားထစ်တွေအတိုင်း တက်ရောက်ဖို့မဖြစ်နိုင်သူတွေကတော့ တောင်ဆင်းတောင်တက်၊ အသွားအပြန်ခရီးကို လူတစ်ယောက် ငွေကျပ် ၂၀၀၀ နှုန်းနဲ့ အငှားဆိုင်ကယ်တွေစီးပြီး တက်ရောက်သွားခဲ့ကြပါပြီ။

တကယ်တော့ ဟိုင်းကြီးကျွန်းမြို့ဆိုတာ သေးသေးကျဉ်းကျဉ်းလေးပါ။ အဓိကလမ်းလို့ပြောရမဲ့ မြို့တွင်းလမ်းတစ်လမ်းသာရှိနေပြီး ဒီလမ်းလေးကလဲ အလွန်တိုတောင်းလှပါတယ်။ လမ်းလေးရဲ့ တစ်ဖက်တစ်ချက်မှာ အိမ်ဆိုင်လေးတွေ တန်းစီပြီး ရှိနေကြတယ်။ ဒါပေမဲ့ ဆိုင်ကြီးတွေမဟုတ်ဘဲ သာမန်ဆိုင်ငယ်လေးတွေသာ ဖြစ်နေကြတယ်။ ဟိုင်းကြီးကျွန်းမြို့တွင်းကို လေ့လာလည်ပတ်ကြည့်ရှုကြမယ်ဆိုရင် ဒီလမ်းတိုလေးထဲ အသွားအပြန်နှစ်ခေါက်လောက် လမ်းလျှောက်ကြည့်ရှုလိုက်တာနဲ့ ပြီးပြည့်စုံသွားပါပြီ။ မိမိတို့မောင်နှမတွေက မြို့တွင်းမှာ လေ့လာကြရုံသက်သက်မဟုတ်ဘဲ ကျိုက်ပိစေတီတော်ကြီးကို တက်ရောက်ဖူးမြော်ကြအုံးမှာဖြစ်လို့ စောင်းတန်းလှေကားထစ်တွေအတိုင်း စေတီတော်ပေါ်ကို ဆက်လက်တက်ရောက်လာခဲ့ကြတယ်။ စေတီတော်စောင်းတန်းလှေကားက အနည်းငယ်တိုတောင်းပေမဲ့ မတ်စောက်နေတယ်။ မနားမနေ မောမောပန်းပန်းနဲ့ တက်ရောက်လာခဲ့ရပြီး စေတီတော်ရင်ပြင်ပေါ်ကိုရောက်တာနဲ့ ပုသိမ်မြစ်ကြီး၊ ပင်လယ်ဝနဲ့ ဘင်္ဂလားပင်လယ်ပြင်ကြီးကို လှလှပပ သာသာယာယာတွေ့မြင်ကြရတယ်။ ကျောင်းပိတ်ရက်ရှည်၊ ရုံးပိတ်ရက်ရှည်ဖြစ်နေတာကြောင့် စေတီတော်ပေါ်မှာ ဘုရားဖူးနေကြသူတွေ၊ ရှုခင်းကြည့်နေကြသူတွေနဲ့အတူ အပူရှောင်ရင်း စေတီတော်ရင်ပြင်မှာ အေးအေးလူလူအနားယူ၊ အပန်းဖြေနေကြတဲ့ မြို့ခံနယ်ခံတွေကိုလဲ တွေ့မြင်နေရတယ်။ ရင်ပြင်တော်ပေါ်မှာ သစ်ပင်အရိပ်တွေကကောင်းကောင်း၊ ပင်လယ်ပြင်နဲ့ ပုသိမ်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြည်လေညင်းလေအေးလေးတွေက တဖြူးဖြူးနဲ့ အပူဒဏ်ကိုသက်သာစေတယ်။

စေတီတော်သမိုင်းအရ ကျိုက်ပိစေတီတော်ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅၀ ကျော်က ဘုရင်သမုဒ္ဒဃောမင်းနဲ့ မိဖုရား ဥမ္မာဒန္တီတို့က တည်ထားကိုးကွယ်ခဲ့ကြတယ်။ ဟိုင်းကြီးကျွန်းပေါ်မှာ ကျိုက်ပိစေတီတော်ကြီးနဲ့ ကိုလိုနီခေတ်အဆောက်အအုံတချို့က ရှေးဟောင်းသမိုင်းဝင်တွေအဖြစ် ကျန်ရှိနေခဲ့ကြပါတယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းကတော့ ကိုလိုနီခေတ်ကဆိုတဲ့ ရှေးဟောင်းအဆောက်အအုံတွေရှိရာကို သွားရောက်လေ့လာကြည့်ရှုခဲ့ရတယ်။ အခုတစ်ခေါက် အချိန်ရမယ်ဆိုရင် ထပ်မံကြည့်ရှုလေ့လာလိုက်ပါအုံးမယ်။ ကျိုက်ပိစေတီတော်ကြီးကို ဖူးမြော်ပြီးတာနဲ့ တောင်ပေါ်အမြင့်ကနေ ပတ်ဝန်းကျင်ရှုခင်းတွေကိုကြည့်ရှုလေ့လာကြရတယ်။ ရောက်ရှိလေ့လာပြီးခဲ့ကြတဲ့ ချောင်းဝရွာနဲ့ ပြင်ခရိုင်ဒေသကြီးကတော့ ပုသိမ်မြစ်ပြင်ကျယ်ကြီးခြားပြီး ဘင်္ဂလားပင်လယ်အော်အဝမှာ မှိုင်းပျပျမှုန်မှုန်ဝါးဝါးနဲ့ တွေ့မြင်နေကြရတယ်။ ရေပြင်ကျယ်ကြီးတွေအတွင်းမှာ ငါးဖမ်းလှေကလေးတွေ တရွေ့ရွေ့နဲ့ လှုပ်ရှားသွားလာနေကြတာက စိတ်ဝင်စားစရာပါ။ ဒီလှေလေးတွေ ငါးတွေ၊ ပုစွန်တွေရရှိကြရဲ့လား၊ အဝယ်ဒိုင်တွေအနီးမှာစောင့်မျှော်နေကြပြီဖြစ်တဲ့ မိဘ၊ ဇနီးမယား၊ သားသမီးတွေ ဘယ်လိုနေကြသလဲ စသဖြင့် သူတို့ရဲ့ဘဝတွေကို သိမြင်တွေးတောပူပန်နေမိတယ်။

စေတီတော်ကိုဖူးမြော်အပြီး ရှုခင်းတွေကိုကြည့်ရှုအပြီးမှာ စေတီတော်ပေါ်ကနေ ပြန်ဆင်းလာခဲ့ကြတယ်။ တချို့ဘုရားဖူးဧည့်သည်တွေက စေတီတော်ရဲ့ တစ်ဖက်စောင်းတန်းလှေကားကနေ ဆင်းသွားကြပြီး ပင်လယ်ရေစပ်ကမ်းခြေရှိရာကို လေ့လာကြည့်ရှုကြတယ်။ မိမိတို့က ပင်လယ်ရေပြင်ကနေ ပြန်လာကြပြီး ရှေ့ဆက်ပြီး တည်းခိုအိပ်စက်ကြရမဲ့ ကနုကမာရွာကို စက်လှေနဲ့ ရေလမ်းခရီးသွားကြရအုံးမှာဖြစ်လို့ ရေပြင်ရှိရာကို မဆင်းကြတော့ဘဲ ဟိုင်းကြီးကျွန်းမြို့တွင်းကို ပြန်လာခဲ့ကြတယ်။ စေတီတော်ပေါ်ကို အသွားခရီးတုန်းက မြို့တွင်းလမ်းတစ်လျှောက်မှာ မိမိတို့မောင်နှမတွေသာရှိနေသလို အခု အပြန်ခရီးမှာလဲ မိမိတို့သာရှိနေကြတယ်။ ဒါက ဟိုင်းကြီးကျွန်းမြို့ရဲ့ ပကတိအခြေအနေပါ။ ဒါပေမဲ့ မနက်စောစောနဲ့ သင်္ဘောကြီးတွေဆိုက်ကပ်ချိန်မှာ စည်ကားတတ်ကြောင်း သိထားရတယ်။

အပြန်ခရီးအဖြစ် စေတီပေါ်ကနေဆင်းလာတဲ့ အချိန်မှာ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက သောက်ခဲ့ကြရတဲ့ တစ်ဆိုင်တည်းသောလက်ဖက်ရည်ဆိုင်လေးကို သတိတရကြည့်ရှုလိုက်မိသေးတယ်။ ဆိုင်လေးက ရှိနေဆဲပါ။ ဒါပေမဲ့ ဆိုင်အတွင်းမှာ မနက်စောစောပိုင်းကလို စည်စည်ကားကားရှိမနေတော့ဘဲ တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ မိမိတို့ခရီးဖော်တစ်ဖွဲ့ ရောက်ရှိစားသောက်ခဲ့ကြတဲ့အချိန်တုန်းကအဖြစ်အပျက်တွေကို အမှတ်ရမိနေသေးတယ်။ လက်ဖက်ရည်သောက်ကြဖို့အတွက် ဆိုင်ထဲကိုဝင်ဝင်ချင်း အပေါက်ဝမှာ အငွေ့တထောင်းထောင်းနဲ့ ပွက်ပွက်ဆူနေသလို ရနံ့မွှေးမွှေးကြိုင်ကြိုင်နဲ့ မုန့်ဟင်းခါးဟင်းရည်အိုးကြီးကို တွေ့မြင်ကြရလို့ မုန့်ဟင်းခါးသောက်ကြမယ်ဆိုပြီး မှာယူထားလိုက်ကြတယ်။ ဒါပေမဲ့ မုန့်ဟင်းခါးပွဲတွေရောက်ရှိလာတဲ့အခါ စားသောက်နေကျ မုန့်ဖတ်သေးသေးမျှင်မျှင်လေးတွေမဟုတ်ဘဲ နန်းကြီးမုန့်တီဖတ်လို တုတ်တုတ်ကြီးကြီးနဲ့ဖြစ်နေတာကြောင့် ဘယ်လိုမှမစားတတ်ကြတော့ပါဘူး။ နန်းသေးမုန့်ဖတ်သေးလေးတွေနဲ့လဲလှယ်ပေးဖို့ပြောတဲ့အခါမှာလဲ ဒီဒေသမှာ မုန့်ဟင်းခါးကို ဒီလိုမုန့်တီဖတ်ကြီးတွေနဲ့သာ စားသောက်ကြကြောင်း၊ မုန့်ဖတ်အသေးမရှိဘူးဆိုတာကြောင့် မုန့်ဟင်းခါးဟင်းရည်ကို အီကြာကွေးနဲ့ စားသောက်ခဲ့ကြရတော့တယ်။ မုန့်ဖတ်လေးတွေအစား အီကြာကွေးနဲ့စားသောက်ခဲ့ကြရပေမဲ့ ငါးပေါများတဲ့ဒေသဖြစ်တာကြောင့် မုန့်ဟင်းခါးဟင်းရည်က အလွန်ကောင်းမွန်အရသာရှိပြီး ကြိုက်နှစ်သက်ခဲ့ကြတယ်။

စေတီတော်ပေါ်ကနေ အပြန်လမ်းမှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေကို တွေ့ရှိကြရပေမဲ့ ဆိုင်တွေက ဆိပ်ခံတံတားအနီးမှာ တွေ့ခဲ့ရတဲ့ဆိုင်လောက်ကြီးမားများပြားမှုမရှိပါဘူး။ ဒါကြောင့် နီးစပ်ရာတချို့ဆိုင်လေးတွေမှာ ဈေးနှုန်းအခြေအနေတွေ သိရုံလောက်မေးမြန်းစုံစမ်းခဲ့ပြီး ဆိပ်ခံတံတားအနီးက ဆိုင်ကြီးရှိရာကို ဆက်လက်လျှောက်လှမ်းလာခဲ့ကြတယ်။ ဒါပေမဲ့ ညီဝမ်းကွဲဖြစ်သူက ဟိုင်းကြီးကျွန်းမှာ ငါးခြောက်နဲ့ ပုစွန်ခြောက်တွေကိုသာဝယ်၊ ငါးပိမဝယ်နဲ့၊ ငါးပိကို သူတို့ရွာဝန်းကျင်က ငါးပိလုပ်ငန်းသီးသန့်လုပ်ကိုင်တဲ့ရွာကနေ မှာယူပေးမယ်။ ပိုကောင်းပြီး ဈေးနှုန်းလဲ သက်သာတယ်၊ နာမည်ကျော်ကြားတယ်ဆိုလို့ ဟိုင်းကြီးကျွန်းမှာ ငါးခြောက်နဲ့ ပုစွန်ခြောက်တွေကိုသာ ဝယ်ယူကြရတော့မှာပါ။

အချိန်က ညနေ ၃ နာရီကျော် ရှိနေပါပြီ။ ဒီအချိန်မှာ ဟိုင်းကြီးကျွန်းပေါ်က ကျိုက်ပိစေတီတော်ကြီးကို ဖူးမြော်ကန်တော့ပြီးကြသလို မြို့တွင်းကိုလဲ လေ့လာကြည့်ရှုကြပြီးပါပြီ။ ငါးခြောက်နဲ့ ပုစွန်ခြောက်တွေဝယ်ယူပြီးကြရင် တည်းခိုအိပ်စက်ကြရမဲ့ ကနုကမာရွာကို ပြန်ကြတော့မှာပါ။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးမည်


ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ရေတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ ပန်းဂေါ်ဖီ စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပုစွန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ပုစွန်မျိုးစုံ တစ်ပိဿာဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၀၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၁၀၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၆၅၀၀၊ ပုစွန်ပြောင်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၇၅၀၀ မှ ၄၅၀၀၀ စသည်ဖြင့်အရွယ်အစားနှင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငပုတောမြို့နယ် ကွင်းကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ငပုတော မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေး ခဲ့သည်။

ကွင်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သံသာ**

# ပေါက်ခေါင်းမြို့နယ် ကျွဲပေါင်ပင်ကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းနေမှု စစ်ဆေး

**ပေါက်ခေါင်း မေ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲပေါင်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ကျွဲပေါင်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျွဲပေါင်ပင်ကျေးရွာ၌ လမ်းအရှည်ပေ ၁၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဧပြီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ကော့မှူးမြို့နယ် ဆားတိုင်မွတ်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် နဆားတိုင်မွတ်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးနှင့် ဝန်ထမ်းများက သောက်သုံးရေ ရရှိရေး ကော်မတီဝင်များနှင့်အတူ ဆားတိုင်မွတ်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆားတိုင်မွတ်ကျေးရွာ၌ အလျား ပေ ၁၄၀၊ အနံ ၁၂၅ ပေ၊ အနက် လေးပေရှိမြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉ ဒသမ ၀၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေ ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ပြီး နွေရာသီကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ပင်လယ်ကွေ့လောင်စာဆီအကျပ်အတည်းနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအပေါ်သက်ရောက်မှုများ

အရှေ့အလယ်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခသည် လောင်စာဆီဈေးကွက်များကိုပြင်းထန်စွာအနှောင့်အယှက်ဖြစ်နေရာမှ ကမ္ဘာ့စီးပွားရေးအပေါ် ဖိအားတစ်ခုအဖြစ်သို့ ရွှေ့လျားသွားခဲ့သည်။ ဤပြောင်းလဲမှုသည် ပထဝီနိုင်ငံရေးဆိုင်ရာ အန္တရာယ်များတည်ရှိနေမှုနှင့် စီးပွားရေးစနစ်များသို့ စွမ်းအင်ထောက်ပံ့မှု နက်ရှိုင်းစွာပေါင်းစည်းခြင်းကို ထင်ဟပ်စေသည်။ အဓိက သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ အခြေခံအဆောက်အအုံများနှင့် ကုန်စည်ဈေးကွက်များကို သက်ရောက်မှုရှိခြင်းဖြင့် ဤအကျပ်အတည်းသည် ဈေးနှုန်းပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုမျှော်လင့်ချက်များနှင့် မက်ခရိုစီးပွားရေးမူဝါဒဆိုင်ရာထည့်သွင်းစဉ်းစားမှုများကို ပြောင်းလဲစေခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ငွေကြေးဖောင်းပွမှု၊ တိုးတက်မှုနှင့် စွမ်းအင်မဟာဗျူဟာအပေါ် သက်ရောက်မှုများရှိနေသည်။

အရှေ့အလယ်ပိုင်း၏ ပထဝီနိုင်ငံရေးအခင်းအကျင်းသည် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်စီးဆင်းမှုကို ရှည်လျားစွာပုံဖော်ပေးခဲ့သော်လည်း ၂၀၂၆ ခုနှစ် အစောပိုင်းဖြစ်ရပ်များဖြစ်သော ဟော်မုဇ်ရေလက်ကြားကိုဝန်းရံထားသည့် ရန်လိုမှုများမြင့်တက်လာခြင်းသည် ဆယ်စုနှစ်များစွာအတွင်း ရေနံဈေးကွက်များအပေါ် အထင်ရှားဆုံးသောအနှောင့်အယှက်ဖြစ်စေခဲ့သည်။ ၁၉၇၃ ခုနှစ် ရေနံပိတ်ဆို့မှု သို့မဟုတ် ၁၉၉၀ ပြည့်နှစ် ပင်လယ်ကွေ့အကျပ်အတည်းကဲ့သို့ ယခင်ပဋိပက္ခများအတွင်း စွမ်းအင်ဈေးကွက်များသည် ပြင်းထန်သောရိုက်ခတ်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအခြေအနေသည် စကေးနှင့် ဖွဲ့စည်းပုံဆိုင်ရာသက်ရောက်မှု နှစ်မျိုးစလုံးတွင် ကွဲပြားသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်အတိုင်ပင်ခံကုမ္ပဏီများမှ လေ့လာသုံးသပ်သူများက နောက်ဆုံးပင်လယ်ကွေ့အကျပ်အတည်းသည် ရုတ်တရက်ထောက်ပံ့ရေးကြောင့်ဖြစ်ပေါ်လာသောရိုက်ခတ်မှုမှ ထောက်ပံ့ပို့ဆောင်ရေး၊ အာမခံ၊ အခြေခံအဆောက်အအုံယုံကြည်စိတ်ချရမှုနှင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်မူဝါဒ၏ ရေရှည်တည်ငြိမ်မှုကို ထိခိုက်စေသော နာတာရှည်စနစ်အဆင့်ဖိအားသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း ငြင်းခုံပြောဆိုလာကြသည်။

ဤအခြေအနေသစ်သည် ဈေးနှုန်းအတက်အကျတစ်ခုတည်းဖြင့်မဟုတ်ဘဲ ကမ္ဘာ့စွမ်းအင်ဈေးကွက်များကိုအခြေခံထားသော အခြေခံအဆောက်အအုံများနှင့်အဖွဲ့အစည်းများတွင် စဉ်ဆက်မပြတ်ပျက်စီးလွယ်မှုကိုလည်းဖော်ညွှန်းနေကြသည်။ ဟော်မုဇ်ရေလက်ကြားကို ဆက်လက်ဖွင့်လှစ်ထားမည်ဟုကြေညာပြီးနောက်တွင်ပင် (အီရန်အစိုးရက ဈေးကွက်စိုးရိမ်မှုများကို ငြိမ်သက်စေရန် လူသိရှင်ကြားအလေးပေးပြောကြားခဲ့သည့် ဆုံးဖြတ်ချက်) ထုတ်လုပ်မှုစွမ်းရည်၊ သင်္ဘောလမ်းကြောင်းများနှင့် ရင်းနှီးမြှုပ်နှံမှုယုံကြည်မှုအပေါ် သက်ရောက်မှုများဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကမ္ဘာ့စီးပွားရေးသည် ဆော်ဒီအာရေဗျ၊ ကာတာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် ပင်လယ်ကွေ့နိုင်ငံများမှ ထွက်ပေါ်လာသော မဟာဗျူဟာနှင့် နိုင်ငံရေးဆိုင်ရာအချက်ပြမှုတိုင်းကို အာရုံခံစားနိုင်ဆဲဖြစ်ပြီး ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ပို့ကုန်စွမ်းရည်များသည် ကမ္ဘာ့စွမ်းအင်စနစ်ကို အခြေခံထားသည်။

ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့အရေးအကြီးဆုံးလောင်စာဆီသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများထဲမှတစ်ခုဖြစ်သည်။ တစ်နေ့လျှင် ရေနံစည်ပေါင်း သန်း ၂၀ ခန့်သည် ပါရှန်ပင်လယ်ကွေ့နှင့် အာရေဗျပင်လယ်ကြားရှိ ဤကျဉ်းမြောင်းသောလမ်းကြောင်းကို ပုံမှန်ဖြတ်သန်းသွားလာလေ့ရှိသည်။ ထို့ကြောင့် ဤပိတ်ဆို့ထားသောနေရာရှိ အနှောင့်အယှက်များသည် ကမ္ဘာ့ဈေးကွက်များအပေါ်ကြီးမားသောသြဇာလွှမ်းမိုးမှုကို ဖြစ်ပေါ်စေနိုင်သည်။



ယခင်က လောင်စာဆီနှင့်ကုန်တင်သင်္ဘောများ ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းနေစဉ်။

၂၀၂၆ ခုနှစ်အစောပိုင်းတွင် တင်းမာမှုများမြင့်တက်လာပြီး ရေလက်ကြားသည် လုပ်ငန်းဆောင်တာများထိခိုက်လာသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ရေနံထောက်ပံ့မှုသည် တစ်နေ့လျှင် စည်ပေါင်း ၁၀ သန်းခန့်ပြတ်တောက်ခဲ့ပြီး ထုတ်လုပ်မှုသိသိသာသာ လျော့ကျသွားခဲ့သည်။ Brent ရေနံစိမ်းဈေးနှုန်းများသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော် မြင့်တက်ခဲ့ပြီး အချို့သော ဈေးနှုန်းများသည် ၁၁၉ ဒေါ်လာ မှ ဒေါ်လာ ၁၂၀ ထိ နီးကပ်လာခြင်း သို့မဟုတ် ကျော်လွန်ခြင်းတို့သည် ပြင်းထန်သော စိုးရိမ်မှုများကိုထင်ဟပ်စေသည်။ ဥရောပရှိ သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ဖေဖော်ဝါရီလနှောင်းပိုင်း အဆင့်များနှင့်နှိုင်းယှဉ်ပါက နှစ်ဆခန့်မြင့်တက်လာခဲ့ပြီး သိသိသာသာမြင့်တက်လာခဲ့သည်။

ဤအရေးပေါ်အဆင့်တွင် ဈေးနှုန်းများလျင်မြန်စွာမြင့်တက်လာခြင်း၊ စွမ်းအင်ကုန်ကျစရိတ်များအပေါ် ငွေကြေးဖောင်းပွမှုဖိအားများနှင့် ကုန်သည်များ၊ မူဝါဒချမှတ်သူများနှင့် ဗဟိုဘဏ်များမှ ချက်ချင်းတုံ့ပြန်မှုများ စသည့်သွင်ပြင်လက္ခဏာများကို တွေ့မြင်နေရသည်။

ယာယီအပစ်အခတ်ရပ်စဲရေးနှင့် ဟော်မုဇ်ရေလက်ကြားကို ဆက်လက်ဖွင့်လှစ်ထားမည်ဟူသော အီရန်၏ကြေညာချက်သည် ရေနံဈေးနှုန်းများသိသိသာသာကျဆင်းစေသည့်(၂၀၂၆ ခုနှစ် ဧပြီလလယ်တွင် Brent ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၀ အောက်သို့ကျဆင်းသွားခြင်း)စီးဆင်းမှုများကို ပြန်လည်ထူထောင်ရန်အထောက်အကူဖြစ်စေခဲ့သော်လည်း ပိုမိုနက်ရှိုင်းသောအနှောင့်အယှက်များဆက်လက်တည်ရှိနေသည်။

ရေနံချက်စက်ရုံများနှင့် LNG စက်ရုံများအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေခံအဆောက်အအုံများသည် ကနဦးတိုက်ခိုက်မှုများအတွင်း ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည်။ သင်္ဘောများသည်ရေလက်ကြားကိုပြန်လည်ဖြတ်သန်းပြီးနောက် ထုတ်လုပ်မှုကိုပြန်လည်စတင်ခြင်းနှင့် အပြည့်အဝစွမ်းရည်ပြန်လည်ရရှိခြင်းသည် လပေါင်းများစွာကြာနိုင်သည်။

ကမ္ဘာလုံးဆိုင်ရာကုန်စည်ဈေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုအကျပ်အတည်းသည် ရေနံထက် ကျော်လွန်၍ကျယ်ပြန့်သည်။ ပါရှန်ပင်လယ်ကွေ့ကို ဖြတ်သန်းသွားသော ဓာတ်မြေဩဇာ၊ ဆာလဖာ၊ မီသနောနှင့် အရေးကြီးသောသတ္တုဓာတ်များတင်ပို့မှုကိုအနှောင့်အယှက်ဖြစ်စေခြင်းသည် စက်မှုလုပ်ငန်းကွင်းဆက်များကို ပြန်လည်ပုံဖော်နေသည်။ ဥပမာအားဖြင့် ဓာတ်မြေဩဇာစီးဆင်းမှု လျော့နည်းသွားခြင်းသည် ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးရေးထွက်ကုန်ကိုအကျပ်အတည်းဖြစ်စေပြီး အိန္ဒိယနှင့် ဘရာဇီးကဲ့သို့သော သွင်းကုန်အပေါ်မှီခိုနေရသည့် ဒေသများတွင် အစားအစာဈေးနှုန်းဖောင်းပွမှုကို ပိုမိုဆိုးရွားစေနိုင်သည်။

လမ်းကြောင်းပြောင်းလဲခြင်း(ဥပမာ-ကိပ်အော့ဖ်ဂွတ်ဟုပ်မှတစ်ဆင့်)နှင့် ပထဝီနိုင်ငံရေးအန္တရာယ်နှင့်ဆက်စပ်နေသော အာမခံပရီမီယံများမြင့်မားလာခြင်းကြောင့် သင်္ဘောတင်ကုန်စည်ပို့ဆောင်ခကုန်ကျစရိတ်များမြင့်တက်လာခဲ့သည်။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးကိုပွတ်တိုက်မှုဖြစ်စေပြီး သတ္တုများ၊ အစားအစာထုတ်ကုန်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများကဲ့သို့သော ကွဲပြားသောကုန်ပစ္စည်းများကို ထိခိုက်စေသည်။

ငွေကြေးမူဝါဒဆိုင်ရာပြဿနာများကြောင့် ဗဟိုဘဏ်များသည် ရှုပ်ထွေးသောအပေးအယူများနှင့် ရင်ဆိုင်နေရသည်။ ရေလက်ကြားပြန်လည်ဖွင့်လှစ်ပြီးနောက် စွမ်းအင်ဈေးနှုန်းများကျဆင်းလာခြင်းသည် ငွေကြေးဖောင်းပွမှုဖိအားများကို သက်သာစေပြီး အတိုးနှုန်းလျှော့ချနိုင်ခြေကို တိုးမြင့်စေနိုင်သည်။ တစ်ချိန်တည်းမှာပင် ပထဝီနိုင်ငံရေးဆိုင်ရာမရေရာမှုများနှင့် မြင့်မားသောအဓိကကုန်ကျစရိတ်များသည် မူဝါဒဆုံးဖြတ်ချက်များကို ရှုပ်ထွေးစေသည်။

မဟာဗျူဟာမြောက်ရေနံသိုက်များမှ ညှိနှိုင်းထုတ်လွှတ်မှုများသည် ဈေးကွက်ထိတ်လန့်မှုကို လျှော့ချရန် ကူညီပေးခဲ့သော်လည်း တုံ့ပြန်မှုတွင် ထိုကဲ့သို့သောရေနံသိုက်များသည် ကြာရှည်စွာ ထောက်ပံ့မှုပြတ်တောက်ခြင်းများကို ကာကွယ်ပေးသည့် အကန့်အသတ်ရှိသောကြားခံကိုလည်း မီးမောင်းထိုးပြခဲ့သည်။

ထို့ပြင် စွမ်းအင်အရင်းအမြစ်များကွဲပြားလာခြင်းကြောင့် နိုင်ငံများနှင့် ကော်ပိုရေးရှင်းများသည် ရေရှည်စွမ်းအင်ဗျူဟာများကို ပြန်လည်စဉ်းစားနေကြပြီး ပင်လယ်ကွေ့စကြံအပေါ် မှီခိုမှုကိုလျှော့ချရန် LNG ကွဲပြားလာခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲရင်းနှီးမြှုပ်နှံမှုများနှင့် ဒေသတွင်းထောက်ပံ့ရေးဗဟိုချက်များဆီသို့ ပြောင်းလဲလာကြသည်။

ဈေးကွက်များသည် ချက်ချင်းဈေးနှုန်းအတက်အကျကိုလျှော့ပါးစေနိုင်သော်လည်း နာတာရှည်အခြေအနေများသို့ ကူးပြောင်းခြင်းသည် ရေရှည်တည်တံ့သောစီးပွားရေးအကျိုးဆက်များကို ညွှန်ပြသည်။ ငွေကြေးဖောင်းပွမှုဖိအားများသည် အထူးသဖြင့် စွမ်းအင်အသုံးပြုမှုများသောကဏ္ဍများတွင် ခံနိုင်ရည်ရှိနိုင်သည်။ ကမ္ဘာလုံးဆိုင်ရာတိုးတက်မှု ခန့်မှန်းချက်များကိုလျှော့ချထားပြီး အထူးသဖြင့် တင်သွင်းစွမ်းအင်အပေါ် အလွန်အမင်းမှီခိုနေရသော ဒေသများတွင် ပြင်ဆင်ထားသည်။

ပထဝီနိုင်ငံရေးဆိုင်ရာအန္တရာယ် ပရီမီယံများသည် ကမ္ဘာတစ်ဝန်းရှိ ရင်းနှီးမြှုပ်နှံမှုအပြုအမူနှင့် အရင်းအနှီးခွဲဝေမှုကို လွှမ်းမိုးနိုင်ဖွယ်ရှိသည်။ ထောက်ပံ့ရေးကွင်းဆက်ပြန်လည်ညှိနှိုင်းမှု မြန်ဆန်လာနိုင်ပြီး ကုန်သွယ်ရေးအုပ်စုအသစ်များနှင့် ဒေသတွင်းမှီခိုမှုများဆီသို့ ဦးတည်သွားစေနိုင်သည်။

ဂျာမနီ၊ ဂျပန်နှင့် အိန္ဒိယကဲ့သို့သော အဓိကတင်သွင်းသူများအတွက် ဤနာတာရှည်အဆင့်အခြေအနေသစ်သည် စွမ်းအင်အရင်းအမြစ်များကို ကွဲပြားစေရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဒေသဆိုင်ရာထောက်ပံ့ရေးကွင်းဆက်များဆီသို့ ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရန် အရေးတကြီးလိုအပ်လာပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဆော်ဒီအာရေဗျနှင့် အီရတ်ကဲ့သို့သော ပို့ကုန်လုပ်ငန်းရှင်များသည် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ကမ္ဘာ့ဈေးကွက်များတွင် ယုံကြည်စိတ်ချရမှုပြန်လည်ရရှိရေးဆိုင်ရာစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်။

နိဂုံးချုပ်အားဖြင့် ၂၀၂၆ ခုနှစ် ပင်လယ်ကွေ့လောင်စာဆီအကျပ်အတည်းကို အဓိကရေကြောင်းစကြံတစ်ခုပြန်လည်ဖွင့်လှစ်ခြင်းဖြင့် ၎င်းသည် ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုအမှတ်တစ်ခုကို ကိုယ်စားပြုပြီး နောင်နှစ်များအတွက် စွမ်းအင်မူဝါဒ၊ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးဗိသုကာနှင့် မက်ခရိုစီးပွားရေးရလဒ်များကို ပုံဖော်ပေးမည်ဖြစ်သည်။ ဒေသတွင်းအနာဂတ်ပထဝီနိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများက ဤအခြေအနေသည်တည်ငြိမ်လာမည်လား သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်အစီအစဉ်၏ ပိုမိုနှောင့်ယှက်ဖျက်ဆီးသောရေရှည်ပြောင်းလဲမှုအဖြစ်သို့ ပြောင်းလဲသွားမည်လား ဆုံးဖြတ်နိုင်ဖွယ်ရှိကြောင်း သုံးသပ်ရေးသားအပ်ပါသည်။

**ကိုးကား**


1. Reuters Breakingviews. (2026, April 17). Gulf crisis moves from acute to chronic phase. Reuters Commentary.
2. Reuters. (2026, April 17). Global markets surge as Iran says Strait of Hormuz open during ceasefire. Reuters News.


မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# တနင်္ဂနွေနေ့ညကစားမဲ့အမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ မန်ယူအသင်း၊ အေစီမီလန်အသင်း၊ ဂီတာဖေးအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



ဥရောပဘောလုံးရာသီပိတ်သိမ်းဖို့ ပွဲစဉ်လေးပွဲလောက်ကျန်ရှိချိန်မှာ အသင်းတိုင်းကရမှတ်လိုအပ်ချက်မြင့်တက်လာတာကြောင့် ပြိုင်ပွဲတိုင်းကအကြိတ်အနယ်ရှိနေတာဖြစ်ပါတယ်။ အသင်းကြီးတွေကတော့ ဥရောပဝင်ခွင့်ရဖို့အတွက်ကြိုးပမ်းနေသလို အသင်းငယ်တွေကလဲ တန်းမဆင်းရဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ပရီးမီးယားလိဂ်က ချန်ပီယံဆုဖလားနဲ့ ဥရောပဝင်ခွင့်အတွက် ပြိုင်ဆိုင်မှုပြင်းထန်နေပြီး တန်းဆင်းဇုန်အတွက်ကတော့ တစ်နေရာကျန်သေးတာကြောင့် အကြိတ်အနယ်ရှိနေတာဖြစ်ပါတယ်။ စီးရီးအေမှာလဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်နဲ့ တန်းဆင်းဇုန်တစ်နေရာအတွက် နောက်ဆုံးပွဲစဉ်ထိ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ လာလီဂါမှာတော့ တန်းဆင်းဇုန်သုံးနေရာအတွက်သာ ပြိုင်ဆိုင်မှုပြင်းထန်နေပြီး နောက်ဆုံးပွဲစဉ်ထိစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ အသင်းတိုင်းကို အဘက်ဘက်ကလေ့လာသုံးသပ်ပြီး သတိထားချဉ်းကပ်နေရတာဖြစ်လို့ လာမဲ့တနင်္ဂနွေနေ့ညမှာလဲ ကစားပုံထက်မြက်နေတဲ့အပြင် ကစားသမားစုဖွဲ့မှုအားကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

### မန်ယူအသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၃၅) မှာအကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ နည်းပြကာရစ်တာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့ပါတယ်။ နည်းပြကာရစ်ရဲ့ကစားကွက်ပိုင်းမှာတော့ ကက်စမဲရိုး၊ ကန်ဟာ၊ ဆက်ကို၊ ဖာနန်ဒက်စ်၊ မိုင်နူးတို့ တွဲဖက်ညီနေတာကြောင့် ပြိုင်ဘက်မရွေးဂိုးသွင်းယူနိုင်တာကိုတွေ့ရမှာပါ။ နောက်ဆုံးငါးပွဲမှာဆိုရင် ကန်ဟာ၊ ကက်စမဲရိုး၊ ဆန်ကို ၊ ဖာနန်ဒက်စ်တို့ရဲ့ ဂိုးပါဝင်ပတ်သက်မှုတွေက သွင်းဂိုးကိုးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၄-၂-၃-၁ ကစားကွက်မှာ ကွင်းလယ်နဲ့တိုက်စစ်ပိုင်းက ခြေစွမ်းပိုင်းအကောင်းဆုံးဖြစ်နေတာကြောင့် ခံစစ်ပိုင်းအားနည်းနေတဲ့လီဗာပူးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့များပါတယ်။ လက်ရှိမှာ အမှတ်ပေးဇယားအဆင့် (၃) ရောက်ရှိနေပေမဲ့ လီဗာပူးကိုနိုင်ပွဲရမှသာ ချန်ပီယံလိဂ်ဝင်ခွင့်သေချာမှာပါ။ ဒါကြောင့် ပြီးခဲ့တဲ့ငါးပွဲက လူစာရင်းတိုင်းပွဲထွက်လာမှာဖြစ်လို့ လီဗာပူးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

လက်ရှိချန်ပီယံလီဗာပူးအသင်းဟာ အခုနှစ်မှာ အသင်းလိုက်ကစားအားကျဆင်းသွားတာကြောင့် ချန်ပီယံဆုကိုကာကွယ်နိုင်ခြင်းမရှိဘဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်သာ အာရုံစိုက်ကစားနေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ဂျီရီမီ၊ အစ်ဆက်ခ်၊ လီအိုနီ၊ အီကီတီကီ၊ ကာကက်ဇ်၊ ဖလိုရီယန်ဝဇ်၊ ဖရင်ပေါင်တို့ကို ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး အသုံးစရိတ်အများဆုံးဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဲဒီကစားသမားတွေဟာ ပရီးမီးယားလိဂ်မှာခြေစွမ်းပြနိုင်ဖို့ ရုန်းကန်နေရပြီး အချို့ကစားသမားတွေဟာ ဒဏ်ရာမကြာခဏရရှိနေတာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ အက်ဖ်အေဖလားပြိုင်ပွဲမှာ မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ပီအက်စ်ဂျီကို ဂိုးပြတ်ရှုံးခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခဲ့ရပြီး အခုရာသီမှာ ဆုဖလားလက်မဲ့ဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိလီဗာပူးအသင်းနဲ့မန်ယူအသင်းတို့ခြေစွမ်းပိုင်းမှာ မန်ယူအသင်းကသာလွန်နေသလို နည်းစနစ်ပိုင်းနဲ့ ယုံကြည်မှုပိုင်းမှာလဲ မန်ယူအသင်းပဲပိုကောင်းနေတာကြောင့် အခုပွဲမှာ မန်ယူအသင်းကိုပဲ ရွေးရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၁ | အေဗီလာ |
| ဘုန်းမောက် | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၁ | - | ၂ | လိဒ် |
| ချဲလ်ဆီး | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၂ | - | ၁ | ဘရန့်ဖို့ဒ် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၂ | - | ၀ | လီဗာပူး |
| လီဗာပူး | ၂ | - | ၀ | ဖူလ်ဟမ် |
| လီဗာပူး | ၀ | - | ၂ | ပီအက်စ်ဂျီ |
| အဲဗာတန် | ၁ | - | ၂ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ပဲလေ့စ် |

### အေစီမီလန်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ စီးရီးအေပွဲစဉ် (၃၅) မှာအကြိုက်တွေ့မိတာကတော့ ဆက်ဆူအိုလိုအသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆက်ဆူအိုလိုအသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ကစားသမားကောင်းတွေကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့တာကြောင့် ပြိုင်ပွဲစုံမှာရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ အခုရာသီမှာတော့ သူတို့အသင်းဟာ ဥရောပဝင်ခွင့်ရဖို့ထက် တန်းမဆင်းရဖို့သာ အာရုံစိုက်ကစားလာတာကြောင့် အမှတ်ပေးပြိုင်ပွဲ ၃၄ပွဲအပြီးမှာ ရမှတ် ၄၆ မှတ်နဲ့ အဆင့် (၁၀) ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ တန်းမဆင်းရဖို့သေချာခဲ့ပြီး ဥရောပဝင်ခွင့်ရဖို့အတွက်လဲ ရမှတ်မမီတော့တာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် ရမှတ်လိုအပ်ချက်မရှိတော့ဘဲ ဂုဏ်သိက္ခာအရသာကစားရမှာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ လက်ရှိမှာအေစီမီလန်အသင်း ခံစစ်ပိုင်းနဲ့တိုက်စစ်ကစားပုံတည်ငြိမ်လာတာကြောင့် အခုပွဲမှာ ဆက်ဆူအိုလိုအသင်းနိုင်ပွဲရဖို့ရုန်းကန်ရမှာသေချာပါတယ်။

အေစီမီလန်အသင်းဟာ စီးရီးအေချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့အခွင့်အရေးရခဲ့ပေမဲ့ မထင်မှတ်တဲ့ပွဲစဉ်တွေမှာ အသင်းငယ်တွေရှုံးခဲ့လို့ လက်ရှိမှာ အမှတ်ပေးဇယားအဆင့် (၃) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစွမ်းပြကစားသမားတွေပိုင်ဆိုင်ထားပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တိုက်စစ်ကဂိုးရဖို့ရုန်းကန်ခဲ့ရတာကြောင့် နှစ်ပွဲသာအနိုင်ရခဲ့ပြီး တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ဂျူဗင်တပ်အသင်းနဲ့ပွဲစဉ်မှာတော့ ခံစစ်ကစားပုံကောင်းခဲ့ပြီး တိုက်စစ်ကလဲပြန်လည်ဖိအားပေးနိုင်ခဲ့တာကြောင့် အခုဆက်ဆူအိုလိုနဲ့ပွဲစဉ်မှာ အဲဒီပွဲစဉ်က ခြေစွမ်းပိုင်းအတိုင်း ကစားနိုင်မယ်ဆိုရင်တော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၈ ကြိမ်မှာတော့ အေစီမီလန်အသင်းက ၁၄ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ အသာရခဲ့တာကြောင့် အခုပွဲမှာလဲ အစဉ်အလာအရအသာရနေတဲ့ အေစီမီလန်ကိုပဲ အားပေးရမှာပါ။

**ဆက်ဆူအိုလိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၁ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၂ | - | ၁ | ကက်ဂလီယာရီ |
| ဂျီနိုအာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၂ | - | ၁ | ကိုမို |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ဆက်ဆူအိုလို |

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၃ | - | ၂ | တိုရီနို |
| နာပိုလီ | ၁ | - | ၀ | အေစီမီလန် |
| အေစီမီလန် | ၀ | - | ၃ | အူဒီးနီးစ် |
| ဗီရိုနာ | ၀ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၀ | - | ၀ | ဂျူဗင်တပ် |

### ဂီတာဖေးအသင်းနဲ့လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၃၄) မှာအကြိုက်တွေ့မိတာကတော့ ဂီတာဖေးအသင်းနဲ့ ဗယ်လ်ကာနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂီတာဖေးအသင်းဟာ နည်းပြဘော်ဒါလက်စ်လက်အောက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် အသင်းကြီးတွေကိုတောင် ဖိအားပေးနိုင်ခဲ့ပြီး နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ပွဲစဉ် (၃၃) အပြီးမှာတော့ ၁၃ ပွဲနိုင်၊ ငါးပွဲသရေ၊ ၁၅ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၄ မှတ်ရခဲ့ပြီး အဆင့်(၆)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဂီတာဖေးအသင်းဟာ အခုပွဲကိုရှုံးခဲ့ရင် အဆင့် (၉)ထိ တန်းဆင်းရဖို့များပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာတော့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့ပြီး ဘာစီလိုနာနဲ့ လီဗန်တေးတို့ကိုရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဘော်ဒါလက်စ်ဟာ အခုပွဲမှာအိမ်ကွင်းအားသာချက်နဲ့ ဗယ်လ်ကာနိုကိုဖိအားပေးဖို့ ပြင်ဆင်လာမှာသေချာပြီး ဆိုစီဒက်အသင်းနဲ့ ဘီလ်ဘာအိုအသင်းကိုနိုင်ပွဲရခဲ့တဲ့ ခြေစွမ်းမျိုးပြသနိုင်မယ်ဆိုရင်တော့ ဗယ်လ်ကာနိုကို ဂိုးပြတ်နိုင်ပွဲရမှာဖြစ်ပါတယ်။

ဗယ်လ်ကာနိုအသင်းဟာ အမှတ်ပေးပွဲ (၃၃) ပွဲအပြီးမှာ ကိုးပွဲနိုင်၊ ၁၂ ပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ ရမှတ် ၃၉ မှတ်ရခဲ့လို့ အဆင့် (၁၁) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့သေချာခဲ့ပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကို အာရုံစိုက်ကစားနေတာကို တွေ့ရမှာပါ။ ကြားရက်က ကစားခဲ့တဲ့ ကွန်ဖရင့်လိဂ်ဆီမီးဖိုင်နယ် ပထမအကျော့မှာ စထရာဘော့အသင်းကို အိမ်ကွင်းမှာ အဘက်ဘက်က အသာစီးရယူပြီး တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကြောင့် ဗိုလ်လုပွဲတက်ရောက်ဖို့ အခွင့်အရေးများနေတာဖြစ်ပါတယ်။ ဒါကြောင့် ကွန်ဖရင့်လိဂ်ပြိုင်ပွဲကိုသာ အာရုံစိုက်နေတာကြောင့် အမှတ်ပေးပွဲမှာ ကစားသမားအလှည့်ကျသုံးပြီး ကစားသမားတွေပွဲမပန်းဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ အခုပွဲစဉ်ဟာ ဗယ်လ်ကာနိုအသင်းအတွက် ရမှတ်က အရေးမကြီးပေမဲ့ ပြိုင်ဘက်ဂီတာဖေးအသင်းအတွက်ကတော့ ရမှတ်ဆုံးရှုံးလို့မရတဲ့အခြေအနေမှာ ဂီတာဖေးအသင်း ရေကုန်ရေခန်းကစားလာမှာဖြစ်လို့ အိမ်ရှင်ဂီတာဖေးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၁ | - | ၂ | ဂီတာဖေး |
| ဂီတာဖေး | ၂ | - | ၀ | ဘီလ်ဘာအို |
| လီဗန်တေး | ၁ | - | ၀ | ဂီတာဖေး |
| ဆိုစီဒက် | ၀ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၀ | - | ၂ | ဘာစီလိုနာ |

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၃ | - | ၀ | ဗယ်လ်ကာနို |
| အေအီးကေ | ၃ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၀ | အက်စ်ပန်ညို |
| ဗယ်လ်ကာနို | ၃ | - | ၃ | ဆိုစီဒက် |
| ဗယ်လ်ကာနို | ၁ | - | ၀ | စထရာဘော့ |

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

( ဂ ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

( ခ ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

( ဂ ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

( င ) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

( စ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ မူရင်းနှင့် မိတ္တူ(၃)စောင်စီ ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀ိ/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀ိ/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀ိ/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၂၃၃/က) ဦးပိုင်အမှတ်(၁၈၂)ရှိ ဦးစန်းဝင်း (၉/မခန(နိုင်)၀၄၇၃၉၃)ကိုင်ဆောင်သူမှ အလျား (၂၅'-၀")၊ အမြင့် (၅'-၆")ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ နဘဲပင်-အမက၊ Grade-5 တွင် ပညာသင်ကြားနေသော ဦးအောင်သန်းဌေး + ဒေါ်ထက်ထက်ခိုင်တို့၏သမီး မနန်းနေခြည်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၂၀၁၄ ဖြစ်ပါကြောင်း။ ၄-၁၀-၂၀၁၄

## မီးဘေးအတွက် ရှောင်ရှားသင့်သည့်အချက်များ




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ပြိုင်ပွဲဝင်ခရိုင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘော်လီဘောဝါသနာရှင်ပြည်သူများ စာမျက်နှာ ၂၁ ကော်လံ ၁ ☆

**အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ**

စာမျက်နှာ – ၂၀

**စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးမည်**

စာမျက်နှာ – ၂၇

## မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသား ၄၃ ဦးကို ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်

စာမျက်နှာ ၂၁ ကော်လံ ၁ ❍



ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းတို့ ဖြစ်ပေါ်နိုင်**

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းတိုက်ခတ်ခြင်း၊လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့်ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။